ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သော သူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့်အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက် အင်္ဂါနေ့။ Tuesday, 16 May 2017 (၈၉၂၆)

# ကောင်းမွန်သောဆက်ဆံရေးရှိမှုနှင့် တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ရှိမှုတို့သည် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံချက်အောင်မြင်မှုရှိစေရေး အဓိကအခြေခံမှုဖြစ်ကြောင်း

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ဆွေးနွေးပြောကြား




**ပေကျင်း မေ ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yanqi Lake International Conference Centre ၌ ယနေ့ကျင်းပသည့် ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Belt and Road Forum for International Cooperation)၏ နိုင်ငံ/အစိုးရအကြီးအကဲများ၏ စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ စားပွဲဝိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် အိမ်ရှင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၃၀ မှ နိုင်ငံ/အစိုးရအကြီးအကဲများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ်အဖွဲ့၏ ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာရှီကျင့်ဖျင်က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်သည်။

နံနက်ပိုင်းဆွေးနွေးပွဲတွင် ပိုမိုနီးကပ်သော မိတ်ဖက်ဖြစ်စေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး (Policy synergy for closer partnership) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလုပ်သဘောနေ့လယ်စာစားပွဲတွင် ပိုမိုနီးကပ်သော ပြည်သူအချင်းချင်းဆက်ဆံမှုရှိစေရေး (Closer people-to-people bond) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်းဆွေးနွေးပွဲတွင် အပြန်အလှန်ဆက်နွှယ်မှုရှိသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး (Connectivity cooperation for interconnected development) ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲများတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐



**ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဆွေးနွေးပြောကြားစဉ်။(ဝဲပုံ)နှင့် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပစဉ်။(အောက်ပုံ)**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# မြန်မာ့သမိုင်းတွင် ထူးခြားမည့်ညီလာခံ

မကြာမီရက်ပိုင်းအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအကြိမ်မြောက် အစည်းအဝေးကြီး ကျင်းပတော့မည်ဖြစ်သည်။ ထိုညီလာခံကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းတွင် ထူးခြားလေးနက်သည့် အသွင်ဆောင်မည့် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လာပေလိမ့်မည်။

ညီလာခံကြီးမကျင်းပမီ ယခုရက်ပိုင်းအတွင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ လုပ်ငန်းကော်မတီများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများမှ ကဏ္ဍအလိုက် အခြေခံရမည့်မူများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီဝင်များက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီသို့ တင်ပြဆွေးနွေးကြပြီး သဘောတူအတည်ပြုချက်များ ရယူနိုင်ခဲ့ပေသည်။

ထိုအစည်းအဝေးမှ သဘောတူအတည်ပြုထားသည့် အချက် ၄၁ ချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တင်သွင်းပြီး အတည်ပြုချက်များ ထပ်မံရယူသွားမည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို မေ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးကျင်းပရာတွင် ကဏ္ဍအလိုက်ဆွေးနွေးပွဲများ၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများနှင့် ညီလာခံတွင် အတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ဖိတ်ကြားသွားမည်ဟု သိရပေသည်။ ယခုဆွေးနွေးပွဲမှ ရရှိခဲ့သော သဘောတူညီချက် ၄၁ ချက်ကို နိုင်ငံတော်အစိုးရနှင့်တကွ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက လက်မှတ်မထိုးထားသေးသည့် အဖွဲ့အစည်းများပါ လိုလိုလားလား နှစ်သက်လက်ခံကြပေလိမ့်မည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အရေးကြီးသည့်အနာဂတ်သမိုင်းကြောင်းလမ်းမှန်ပေါ်သို့ လျှောက်လှမ်းနိုင်မည့် ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အရေးများဖြစ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီ ၉၃ ပါတီကလည်း အားလုံးလက်ခံသဘောတူ လိုလိုလားလားရှိကြပေလိမ့်မည်ဟု ယုံကြည်ပါသည်။

ပြည်ထောင်စုကြီးငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှာ အဓိကကျပြီး ၎င်းအဖွဲ့များအားလုံး NCA တွင် လက်မှတ်ရေးထိုးနိုင်မှသာ အောင်မြင်သော ငြိမ်းချမ်းရေးခရီးလမ်းကို မှန်ကန်စွာလျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ယင်းအချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း နားလည်သိရှိပြီးဖြစ်၍ လက်မှတ်မရေးထိုးရသေးသောအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အဖွဲ့အစည်းများအတွင်း၌ ဆွေးနွေးညှိနှိုင်းကြကာ ရလဒ်ကောင်းများရရှိအောင် ဖော်ထုတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ကျင်းပပြီးစီးခဲ့သော အကြိုဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အကျိုးရှိနိုင်သော ရလဒ်ကောင်းများရရှိခဲ့ပြီး ထိုရလဒ်ကောင်းများကိုအခြေခံကာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲကြီးတွင် သမိုင်းတွင်မည့်အနေအထားကောင်းများ ဖြစ်ထွန်းလာနိုင်လိမ့်မည်ဟု အားလုံးကမျှော်လင့်ကြပေလိမ့်မည်။ ယခုငြိမ်းချမ်းရေးအတွက် အားလုံး၏ ကြိုးပမ်းဆောင်ရွက် ဆုံးဖြတ်ချက်များကို ပြည်သူလူထုနှင့် မြန်မာနိုင်ငံ၏ သမိုင်းက အဆုံးအဖြတ်ပေးပေလိမ့်မည်။

သမိုင်းကြောင်းကောင်းစေရန်အတွက် အားလုံးအတွက်အကျိုးရှိစေမည့် အလုပ်ကောင်းများ၊ အဆုံးအဖြတ်ကောင်းများ ပြကြရပေလိမ့်မည်။ အဆုံးအဖြတ်မကောင်းသဖြင့် သမိုင်းကြောင်းမကောင်းခဲ့သောမှတ်တိုင်များလည်း မြန်မာနိုင်ငံ၏သမိုင်းတွင် ရှိခဲ့ပြီးဖြစ်သည်။ သမိုင်းကြောင်းကောင်းအောင် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပေလိမ့်မည်။ အားလုံးတူညီသော ဘုံသဘောထားများကို ထုတ်နုတ်နိုင်မည်ဆိုပါလျှင် ပြည်သူများမျှော်လင့် စောင့်စားနေသည့် ငြိမ်းချမ်းရေးနှင့် အလှမ်းမဝေးဟု ဆိုချင်ပါသည်။ ။

# အလုပ်သမားရေးရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များချမှတ်ထား




**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လာမည့်ဘဏ္ဍာနှစ်အတွက် လုပ်ငန်းစဉ်များ ချမှတ်ထားကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မေ ၁၄ ရက်တွင် ပြုလုပ်သည့် အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ရည်မှန်းချက်များတွင် အလုပ်အကိုင်ရရှိရေး၊ ဆင်းရဲမှုလျှော့ချရေးတို့သည့် အဓိကအချက်များဖြစ်ပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ မူဝါဒများတွင်လည်း နိုင်ငံတော်မှ လိုအပ်နေသည့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ နည်းပညာကျွမ်းကျင်သည့် လုပ်သားအင်အား အလုံအလောက်ရရှိရေး၊ အာမခံလုပ်သားများ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ရေး၊ အမှန်တကယ်အလုပ်လုပ်နိုင်သူများကို သင့်တော်ကောင်းမွန်သည့် လုပ်ငန်းခွင်များ၌ နေရာချထားပေးခြင်းဖြင့် အလုပ်သမားများ လုပ်ခဝင်ငွေများရရှိနိုင်ပြီး ဆင်းရဲမှုကို လျှော့ချပေးနိုင်ရေး၊ မြန်မာအလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးစသည့် အချက်များပါဝင်ကြောင်း။

ထို့ကြောင့် အလုပ်သမားရေးရာဆိုင်ရာဌာနများမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဌာနသည် အမြဲတမ်းအရေးပါသည့် ဌာနဖြစ်သည်ဟု အလေးအနက် ခံယူထားဖို့လိုအပ်ကြောင်း၊ ချမှတ်ထားသည့် မျှော်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်စေရန် ရည်မှန်းချက်၊ မူဝါဒများနှင့်အညီ မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် လာမည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ချမှတ်ထားကြောင်း၊ ချမှတ်ထားသည့် လုပ်ငန်းစဉ်များအနက် အဓိကအချက်များမှာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိအောင် ရှာဖွေဖော်ထုတ်ပေးရန်၊ ကျွမ်းကျင်လုပ်သား ၅၀၀၀ ခန့်မွေးထုတ်ပေးနိုင်ရန်အတွက် လိုအပ်သည့်စက်ကိရိယာများဝယ်ယူပြီး အခြေခံကျွမ်းကျင်မှုသက်မွေးပညာသင်တန်းများလေ့ကျင့်ပို့ချပေးရန်၊ ကျွမ်းကျင်လုပ်သားများရရှိစေရေးအတွက် သင်တန်းကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်ရန်၊ ပြည်ပသို့အလုပ်သမားစေလွှတ်လျက်ရှိသည့် နိုင်ငံများအလိုက် Pre-Departure သင်တန်းများဖွင့်လှစ်နိုင်ရေး၊ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Migrant Workers Reporting Counter ဖွင့်လှစ်နိုင်ရေး၊ အရှေ့အလယ်ပိုင်းဒေသ၊ ယူအေအီး၊ ကာတာနှင့် ထိုင်ဝမ်နိုင်ငံများသို့ အလုပ်သမားစေလွှတ်နိုင်ရေး ဆောင်ရွက်ရန်၊ အာမခံအလုပ်သမားများကို ပိုမိုထိရောက်စွာ ကုသစောင့်ရှောက်နိုင်ဖို့ ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်၊ လူမှုဖူလုံရေးဆေးရုံကြီးများအား နိုင်ငံတကာအဆင့်မီဆေးရုံကြီးများ ဖြစ်ပေါ်လာစေရေးဆောင်ရွက်ရန်၊ ဆေးခန်း၊ ဆေးဌာနများ တိုးချဲ့ဖွင့်လှစ်ရန်နှင့် ဆေးဌာနဝန်ထမ်းများ တိုးချဲ့ခန့်ထားရေး ဆောင်ရွက်ရန်၊ အလုပ်သမားရေးရာ ဥပဒေလုပ်ထုံးလုပ်နည်းများကို အသိပညာပေးဆွေးနွေးမှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်နှင့် လုပ်ငန်းစဉ်များကို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများက ဒေသအလိုက်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**

# ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)မှ ဆုချီးမြှင့်ပွဲနှင့် ဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်

**ညောင်လေးပင် မေ ၁၅**

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)မှ (၂၂)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး နိုင်ငံတော်အဆင့် (၁၀-၁၅ ) နှစ် စန္ဒရားအတီးပြိုင်ပွဲ ပထမ ရွှေတံဆိပ်ဆုရရှိသူများအား ဂုဏ်ပြုပွဲနှင့် ညောင်လေးပင်မြို့စေတနာလူမှုရေးအသင်းဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်ပွဲကို မေ ၁၀ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆုချီးမြှင့်ပွဲတွင် ညောင်လေးပင်မြို့နယ် အသင်းဥက္ကဋ္ဌ သူရဦးအောင်ကြည်က အဖွင့်အမှာစကားနှင့် ဂုဏ်ပြုဆုချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သူရဦးအောင်ကြည်နှင့် အဖွဲ့ဝင်များက (၂၂) ကြိမ်မြောက် နိုင်ငံတော်အဆင့် (၁၀-၁၅) နှစ် စန္ဒရားအတီးပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုရ မောင်အောင်ဖြိုးမင်းထက်အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုတံဆိပ်ကို ပေးအပ်ခဲ့သည်။

ယင်းနောက် ညောင်လေးပင်အသင်း (ရန်ကုန်) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘိုးဘွားရိပ်သာ အဘိုးအဘွားများအတွက် အလှူငွေကျပ် ၂၄၀၀၀၀ အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ထို့နောက် ညောင်လေးပင်မြို့နယ်အသင်း အမှုဆောင်အဖွဲ့ဝင်များသည် (၉၈)ကြိမ်မြောက် YMBA အသင်းကြီး(ညောင်လေးပင်)မှ ကြီးမှူးကျင်းပသောဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ သွားရောက်၍ ညောင်လေးပင်မြို့နယ်အတွင်းရှိ ၉၈ ကျောင်းမှ သံဃာတော်အပါး ၁၀၁၀ တို့အား ဆန်၊ ဆီ၊ ဆား၊ ဆေး အစရှိသော ဝတ္ထုပစ္စည်းများဖြင့် လှူဒါန်းခဲ့ကြကြောင်း သိရသည်။**နေလင်း(ညောင်လေးပင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၅**

ရန်ကုန်(ရွှေဈေး) ၈၉၅၀၀၀ - ၈၉၅၀၀၀ မန္တလေး(ရွှေဈေး) ၈၉၅၀၀၀ - ၈၉၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၁၅/၇၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၅/၇၀၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၅/၇၂၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၁၈/၆၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၂/၆၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၈၈.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၄၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉.၁၃၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၄.၂၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၀၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၁.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၈၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၇.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၉.၈၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957 ၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## Business for Peace အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို စီးပွားရေးရှုထောင့်မှ အကူအညီပေးမည်ကို ကြိုဆို

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

**ကျေးဇူးတင်လွှာ**

**(၁၃၇၉ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်)**

**(၂၀၁၇ ခုနှစ်၊ မေလ ၁၃ ရက်)**

၁။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများပါဝင်ဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် United Nations Global Compact Network Myanmar တို့သည် ၄-၄-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့ရှိ UMFCCI ၌ ကျင်းပသည့် Business For Peace အခမ်းအနားတွင် စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ စာချွန်လွှာတွင် ဖွံ့ဖြိုးမှုနိမ့်ကျနေသည့်ဒေသများကို ဦးစားပေးကာ ပြည်တွင်းလူမှုအသိုင်းအဝိုင်းများအတွင်း တာဝန်ယူမှု၊ တာဝန်ကျေပွန်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးအပါအဝင် လုပ်ငန်းခွင်အတွင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်အတွင်း၊ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိတည်မြဲရေးအတွက် ဆောင်ရွက်နိုင်သည်များကို လေ့လာသင်ယူဆွေးနွေးညှိနှိုင်းကာ စုပေါင်းလုပ်ဆောင်ရန် ပါဝင်ပါသည်။

၃။ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းကုမ္ပဏီများဖြစ်ရန်နှင့် ဥပဒေကိုလေးစားလိုက်နာပြီး ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်၍ အဂတိလိုက်စားမှုကို လုံးဝအားပေးခြင်းမရှိသည့် စီးပွားရေးလုပ်ငန်းကုမ္ပဏီများဖြစ်ရန်လိုအပ်ပြီး မြန်မာကုမ္ပဏီများအနေဖြင့် United Nations Global Compact (UNGC) အဖွဲ့ဝင်ကာ UNGC မှ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း (၁၀)ချက်ကို ကတိကဝတ်ပြုလိုက်နာခြင်းဖြင့် ငြိမ်းချမ်းရေးတွင် ကဏ္ဍတစ်ရပ်မှ ပါဝင်နိုင်မည်ဖြစ်ပါသည်။ Global Compact အဖွဲ့ဝင်အဖြစ် ၂၀၁၂ ခုနှစ်၌ ကုမ္ပဏီ (၁၅) ခုဖြင့် စတင်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ကုမ္ပဏီ (၃၀၀) ရှိခဲ့ပြီး UMFCCI တွင် ကုမ္ပဏီ (၃၀၀၀၀) ခန့်ရှိသည့်အနက် ကုမ္ပဏီ (၁၀၀၀၀) ခန့်ကို Global Compact အဖွဲ့ဝင်ရန် ကမ်းလှမ်းမည်ဖြစ်ကြောင်း သိရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ Business for Peace အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို စီးပွားရေးရှုထောင့်မှ အကူအညီပေးမည်ကို ကြိုဆိုပါကြောင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများပါဝင်ဆောင်ရွက်နိုင်ရန် ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်ပေးသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ United Nations Global Compact Network Myanmar နှင့် စီးပွားရေးလုပ်ငန်းရှင်များအား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက အထူးကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**အောင်ဆန်းစုကြည်**

**ဥက္ကဋ္ဌ**

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီရို ဂူတာရက်စ်အား တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**❒ရှေ့ဖုံးမှ**

ဒေါ်အောင်ဆန်းစုကြည် ပါဝင်ဆွေးနွေး မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အပြန်အလှန်နားလည်မှု၊ လေးစားမှုကိုအခြေခံသည့် ကောင်းမွန်သော ပြည်သူအချင်းချင်း ဆက်ဆံရေးရှိမှုနှင့် တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်တစ်ရပ်ရှိမှုတို့သည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံချက် အောင်မြင်မှုရှိစေရေးအတွက် အဓိကအခြေခံမှုများဖြစ်ကြောင်း အလေးထားပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံ/အစိုးရ အကြီးအကဲများ၏ စားပွဲဝိုင်းဆွေးနွေးမှုဆိုင်ရာ ပူးတွဲကြေညာချက်ကို ထုတ်ပြန်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီရို ဂူတာရက်စ်အား ညနေပိုင်းတွင် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတွင် မကြာမီ ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ဖိတ်ကြားထားကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့လည်းအတူ တက်ရောက်လျက်ရှိသည်။

**(သတင်းစဉ်)**

## ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပမည်

**မုံရွာ မေ ၁၅**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ မေ ၁၆ ရက် နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ထံမှ သိရသည်။

“ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတင်ကျင်းပရန်အတွက် တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်တွေကို ၂၀၁၇ ခုနှစ် မေ ၁၄ ရက် ထက်မစော မေ ၁၅ ရက်ထက် နောက်မကျစေဘဲ ရောက်ရှိသတင်းပို့ကြရန် ဖိတ်စာနှင့်တကွ ပူးတွဲပေးပို့ ဖိတ်ကြားထားပြီးဖြစ်ရာ ယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ရောက်ရှိနေကြပါပြီ။ မေ ၁၆ ရက် နံနက် ၁၀ နာရီမှာ အစည်းအဝေး စတင်ကျင်းပမယ်”ဟု လွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**




## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာရွေးချယ်ပွဲကျင်းပ

**ကျိုက်ထို မေ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျိုက်ထိုမြို့နယ်အတွင်း တိုးချဲ့ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ လေးရွာအား စီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲစာအုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံးခန်း၌ မြို့နယ်ဦးစီးမှူး ဦးမိုးဝင်း ဦးဆောင်၍ မြို့နယ်အဆင့် မြစိမ်းရောင်ကော်မတီဝင်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော ကျေးရွာရွေးချယ်ပွဲ ပြုလုပ်ခဲ့သည်။


ကျိုက်ထိုမြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်းကျေးရွာ သုံးရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လေးရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သုံးရွာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လေးရွာ စုစုပေါင်း ၁၄ ရွာအား နိုင်ငံတော်ဘတ်ဂျက်မှ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ မတည်ငွေပေးထားသည့်အတွက် ငွေကျပ်သိန်း ၄၂၀၀ အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ စသည့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

ကြေးမုံ



# တောင်တရုတ်ပင်လယ်ပြင်အရေး တင်းမာမှုမဖြစ်ပေါ်ရေး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သွားရန် တရုတ်နှင့်ဗီယက်နမ် သဘောတူ



**ပေကျင်း မေ ၁၅**

တောင်တရုတ်ပင်လယ်ပြင်အတွင်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ရေးအတွက် ပင်လယ်ရေကြောင်းဆိုင်ရာ အငြင်းပွားမှုများ ပိုမိုကြီးထွားရှုပ်ထွေးလာစေနိုင်သော လုပ်ရပ်များ ပြုမူဆောင်ရွက်ခြင်းမှ ရှောင်ရှားကြရန် တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ သဘောတူညီလိုက်ကြကြောင်း တရုတ်နိုင်ငံက မေ ၁၅ ရက်တွင် ထုတ်ပြန်သည့် နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

တောင်တရုတ်ပင်လယ်ဆိုင်ရာ ပိုင်နက်နယ်မြေအငြင်းပွားမှုပြဿနာသည် ဗီယက်နမ်နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးအနေအထား ပျက်ယွင်းမှုအဖြစ်စေနိုင်ဆုံး ပြဿနာတစ်ရပ်ဖြစ်ခဲ့သည်။ ဗီယက်နမ်နည်းတူ အရှေ့တောင်အာရှဒေသရှိ ဖိလစ်ပိုင်နိုင်ငံသည်လည်း အလားတူ ပြဿနာရှိခဲ့သည်။ သို့ရာတွင် ဖိလစ်ပိုင်နိုင်ငံ၌ သမ္မတရိုဒရီဂိုဒူတာတေးအာဏာရရှိလာခဲ့ပြီးနောက် တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့မှု မဖြစ်ပေါ်ရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဗီယက်နမ်သမ္မတ ထရန်တိုင်ကွမ်းတို့ လွန်ခဲ့သည့် ရက်သတ္တပတ်က တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ အပြုသဘောဆောင်သည့် ဆွေးနွေးမှု ပြုလုပ်ခဲ့ကြပြီးနောက် နှစ်နိုင်ငံသဘောတူညီချက်ရရှိခဲ့ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားကြသည်။

တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်ပြင်အတွင်း ပိုင်နက်နယ်မြေအငြင်းပွားမှုများနှင့်ပတ်သက်၍ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် သဘောတူညီကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**

# ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ် အိန္ဒိယနိုင်ငံသို့ လေးရက်ကြာခရီးရောက်ရှိ



**နယူးဒေလီ မေ ၁၅**

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် လေးရက်ကြာခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်သို့ ရောက်ရှိလာကြောင်း တာဝန်ရှိသူများက မေ ၁၅ ရက်တွင် ပြောကြားကြသည်။

အိန္ဒိယနှင့် ပါလက်စတိုင်းအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ ဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် ပါလက်စတိုင်းသမ္မတသည် ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ မေ ၁၄ ရက် ညနေပိုင်းတွင် နယူးဒေလီသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် အိန္ဒိယနိုင်ငံသို့ တတိယအကြိမ်အဖြစ် တရားဝင်ခရီး လာရောက်ခြင်းဖြစ်သည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ပါလက်စတိုင်းသမ္မတ၏ ခရီးစဉ်သည် အိန္ဒိယနှင့် ပါလက်စတိုင်း ဆက်ဆံရေး၊ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံတကာအရေးကိစ္စများနှင့် ပတ်သက်၍ သုံးသပ်ရန် အထောက်အကူပေးနိုင်မည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။ ပါလက်စတိုင်းသမ္မတ၏ ခရီးစဉ်အတွင်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းကဏ္ဍအချို့အတွက် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်မည်ဟု ၎င်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် ယခုနှစ် ဇူလိုင်လအတွင်း အစ္စရေးနိုင်ငံသို့ သွားရောက်ရန်ရှိနေစဉ်အတွင်း ပါလက်စတိုင်းသမ္မတ အဘတ်စ် အိန္ဒိယနိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။ နရိန္ဒြာမိုဒီသည် အစ္စရေးနိုင်ငံသို့ ပထမဆုံးတရားဝင်ခရီးသွားရောက်သော အိန္ဒိယဝန်ကြီးချုပ်ဖြစ်လာမည်ဖြစ်သည်။ **ဆင်ဟွာ။**

# ယီမင်တွင် ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် လူ ၁၁၅ ဦး သေဆုံး




**ဆာနား မေ ၁၅**

ပဋိပက္ခများဖြစ်ပွားနေသည့် ယီမင်နိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် အနည်းဆုံးလူ ၁၁၅ ဦး သေဆုံးရကြောင်း နိုင်ငံတကာကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

ရောဂါဖြစ်ပွားမှုမှာ အခြေအနေဆိုးရွားလျက်ရှိကြောင်း အိုင်စီအာရ်စီ ညွှန်ကြားရေးမှူး ဒိုမီနစ်ခ်စတီးလ်ဟတ်က သတင်းထောက်များကို မြို့တော် ဆာနားတွင် တနင်္ဂနွေနေ့က ပြောကြားသည်။

လွန်ခဲ့သည့် နှစ်ပတ်ကတည်းက ဝမ်းရောဂါ ဖြစ်ပွားနေသည်ဟု သံသယရှိသူ ၈၅၀၀ ကျော်ရှိကြောင်း ယီမင်ကျန်းမာရေးတာဝန်ရှိသူများက အိုင်စီအာရ်စီသို့ အကြောင်းကြားခဲ့သည်ဟု ဒိုမီနစ်ခ်က ပြောကြားသည်။

အိုင်စီအာရ်စီအနေဖြင့် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး ယခုနှစ်တွင် ယီမင်နိုင်ငံ၌ ဘတ်ဂျက်နှစ်ဆ တိုးမြှင့်ထားခဲ့သည်ဟု ဒိုမီနစ်ခ်က ပြောကြားသည်။

ပြည်တွင်းစစ်ဖြစ်ပွားနေမှုသည် ရောဂါဖြစ်ပွားမှုကို ပိုမိုဆိုးရွားစေသည်။ ပဋိပက္ခများကြောင့် ရေပေးဝေမှုနှင့် မိလ္လာစနစ်များ ပျက်စီးသွားခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

ကာလဝမ်းရောဂါသည် ရေနှင့် အစားအစာတို့မှတစ်ဆင့် ကူးစက်တတ်သည့် ဗက်တီးရီးယားရောဂါပိုးတစ်မျိုးဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# မက္ကဆီကိုတွင် သေနတ်သမားများက သတင်းထောက်များကို တိုက်ခိုက်

**မက္ကဆီကိုစီးတီး မေ ၁၅**

မက္ကဆီကိုနိုင်ငံတွင် အယောက် ၁၀၀ ခန့်ရှိသည့် သေနတ်သမားများက သတင်းထောက်အဖွဲ့တစ်ဖွဲ့ကို မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်၍ တိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့သည်။

စနေနေ့က မက္ကဆီကိုတောင်ပိုင်း ဂူအဲရိုပြည်နယ်တွင်ဖြစ်ပွားသည့် အဆိုပါတိုက်ခိုက်မှု၌ သတင်းထောက် ခုနစ်ဦးပါဝင်သည့်အဖွဲ့တွင် တစ်ဦးတစ်ယောက်မျှ ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာမရရှိခဲ့ပေ။

အဆိုပါသတင်းသမားများအဖွဲ့တွင် သတင်းထောက်များနှင့် ဓာတ်ပုံရိုက်ကူးရေးသမားများပါဝင်ပြီး ၎င်းတို့က ယာဉ်နှစ်စီးဖြင့် ခရီးသွားနေကြခြင်းဖြစ်သည်။

သေနတ်သမားများက သတင်းထောက်များ၏ ယာဉ်တစ်စီး၊ ကင်မရာနှင့် အခြားသော သတင်းသမားများအသုံးပြုသည့် ပစ္စည်းကိရိယာများကို လုယက်မှုများပြုလုပ်ပြီး အရှင်လတ်လတ် မီးရှို့သတ်ဖြတ်မည်ဟုလည်း ခြိမ်းခြောက်ခဲ့သည်ဟု သတင်းမီဒီယာများတွင် ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံတွင် သတင်းထောက်များသည် ရာဇဝတ်ဂိုဏ်းများ၏ ပစ်မှတ်ဖြစ်လာလျက်ရှိသည်။ ယခုနှစ်အတွင်း လောလောဆယ်အထိ သတင်းသမားလေးဦး သတ်ဖြတ်ခံခဲ့ရသည်။ ထို့ကြောင့် အချို့သောသတင်းစာများသည် ရာဇဝတ်ဂိုဏ်းများနှင့် ဆက်နွှယ်သည့် သတင်းဆောင်းပါးရေးသားမှုများကို ရပ်တန့်သွားကြသည်။

မက္ကဆီကိုနိုင်ငံတွင် လွန်ခဲ့သည့်နှစ်အတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော တိုက်ခိုက်မှုများနှင့် အခြားသောအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သားများအပါအဝင် လူ ၂၃၀၀၀ သေဆုံးခဲ့ရသည်ဟု ဗြိတိန်သုခမိန်အဖွဲ့တစ်ဖွဲ့က ပြောကြားသည်။ အဆိုပါ ကိန်းဂဏန်းသည် ပြည်တွင်းစစ် ဆိုးဆိုးရွားရွားဖြစ်ပွားလျက်ရှိသည့် ဆီးရီးယားနိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံဖြစ်သည်ဟု ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုအစီအစဉ်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေး ယူနီဆက်ဖ်ပြောကြား

**ပေကျင်း မေ ၁၅**

ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုအစီအစဉ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရရှိသဖြင့် မိမိအလွန်ဝမ်းမြောက်မိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)အကြီးအကဲ အန်ထော်နီလိတ်က မေ ၁၅ ရက်တွင် ပြောကြားသည်။

ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုအစီအစဉ်သည် မဟာဗျူဟာမြောက် ထူးခြားသည့် မျှော်မှန်းချက်တစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်သည် ဒေသဆိုင်ရာပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်စေနိုင်မည့် လက်တွေ့ကျသော အခွင့်အလမ်းများဖြစ်ကြောင်း ယူနီဆက်ဖ်အကြီးအကဲက ပြောကြားသည်။

ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုအစီအစဉ်သည် ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အအုံ မြင့်မားတိုးတက်ရေးကို အာရုံစိုက်သည်ဟုဆိုနိုင်သော်လည်း ယင်းတိုးတက်မှုမှတစ်ဆင့် လူသားဖွံ့ဖြိုးတိုးတက်မှုကို တွေ့မြင်လာနိုင်ကြောင်း လိတ်ကပြောကြားသည်။

ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုအစီအစဉ်မှ ပေါ်ထွက်လာနိုင်သော မဟာအောင်မြင်မှုများတွင် ကျန်းမာကြံ့ခိုင်သော ကလေးသူငယ်များ ဖွံ့ဖြိုးမှုလည်း ပါဝင်မည်ဖြစ်ကြောင်း လိတ်က ပြောကြားသည်။ **ဆင်ဟွာ။**

# (၁၇) ကြိမ်မြောက် ဒိုဟာဖိုရမ်တွင် ပြည်ထောင်စုလွှတ်တော် အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွေးနွေးပြောကြား

**နေပြည်တော် မေ ၁၅**

ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့တွင် (၁၇)ကြိမ်မြောက် ဒိုဟာညီလာခံသို့ တက်ရောက်ပြီး Transformation in Myanmar Political Landscape and Refugee Issue နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အထူးကော်မရှင်ဥက္ကဋ္ဌက ယနေ့ကမ္ဘာတစ်ဝန်းတွင် ဒုက္ခသည်များအရေးကို အာရုံစိုက်လာကြကြောင်း၊ ဒုက္ခသည်များအရေးသည် သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့အပေါ် များစွာအကျိုးသက်ရောက်မှုရှိပြီး ဒေသ၏တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ထိခိုက်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အရေးကြီးကိစ္စရပ်အဖြစ် အထူးအလေးထားကာ သိမ်မွေ့စွာကိုင်တွယ်ဖြေရှင်းလျက်ရှိကြောင်း၊ နိုင်ငံလွတ်လပ်ရေးရရှိချိန်မှစ၍ ယနေ့တိုင် နှစ်ပေါင်း ၇၀ ခန့်ကြာမြင့်ပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းအောင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပဆွေးနွေးလျက်ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အကြောင်းအရင်းများကြောင့် ယနေ့ကမ္ဘာကအာရုံစိုက်လာသည့် ရခိုင်ပြည်နယ်အရေးသည် ပညာရေးအဆင့်အတန်းနိမ့်ကျခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်း၊ တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန်ယုံကြည်မှုမရှိခြင်းတို့ကြောင့် ဒေသတွင်းတင်းမာမှု ပိုမိုမြင့်တက်လာကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီက ယင်းကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းလျက်ရှိကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များပေးအပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ မြန်ဆန်ထိရောက်မှုရှိအောင် ဆောင်ရွက်ခြင်းတို့ကိုအလေးထားလုပ်ဆောင်လျက်ရှိကြောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ခေါင်းဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များကိုလည်း အစိုးရက အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများတွင် လူ့အခွင့်အရေးချိုးဖောက်သည်ဆိုသည့် စွပ်စွဲချက်များကို ဒုတိယသမ္မတဦးမြင့်ဆွေ ခေါင်းဆောင်သည့် စုံစမ်းရေးကော်မရှင်က စုံစမ်းစစ်ဆေးလျက်ရှိပြီး စွပ်စွဲချက်သည် အထောက်အထားခိုင်လုံလျှင် ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးတို့ကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ လွတ်လပ်မှု၊ ညီမျှမှု၊ တရားမျှတမှုရှိရေး၊ လူသားများ၏ မွေးရာပါအခွင့်အရေးကို အသိအမှတ်ပြုပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသောနိုင်ငံအဖြစ် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုမြင့်တင်ရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးဖြစ်ပေါ်ရေးတွင်လည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားသည်။

(၁၇)ကြိမ်မြောက် ဒိုဟာဖိုရမ်ကို ကာတာနိုင်ငံ ဒိုဟာမြို့ Sheraton Hotel ၌ မေ ၁၄ ရက်မှ မေ ၁၅ ရက် အထိကျင်းပပြီး နိုင်ငံ့ခေါင်းဆောင်များ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၆၀၀ ခန့် တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ဝင်/ထွက်မှုဆိုင်ရာညှိနှိုင်းစည်းဝေး

**မူဆယ် မေ ၁၅**

တရုတ်နိုင်ငံ ရွှေလီမြို့ နယ်စပ်ကာကွယ်စုံစမ်းစစ်ဆေးရေးဌာန အစည်းအဝေးခန်းမ၌ မေ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲက မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဝင်/ထွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ရာ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး ဌာနခွဲ(၇) မူဆယ်ဒေသခရိုင်ဦးစီးမှူး ဦးစောနိုင် ဦးဆောင်သောအဖွဲ့ တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံ ရွှေလီမြို့နယ်စပ်ကာကွယ်စုံစမ်းစစ်ဆေးရေးဌာန နိုင်ငံရေးမှူး ဝမ်ချန်းဖေ ဦးဆောင်သောအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

နှစ်ဖက်အဖွဲ့သည် အပြန်အလှန်ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုကိုအခြေခံ၍ နှစ်နိုင်ငံနယ်စပ်ဝင်/ထွက်မှုဆိုင်ရာမူဝါဒနှင့် တရားဥပဒေစည်းမျဉ်းစည်းကမ်းများကို မိမိနိုင်ငံ၏ ပြည်သူများအား ပညာပေးလမ်းညွှန်ခြင်းဖြင့် ပြည်သူများမှ ကျင့်သုံးလိုက်နာရေးကို ပူးပေါင်းမြှင့်တင်ဆောင်ရွက်ရန်၊ အကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းရပ်များကို ပူးပေါင်းဆောင်ရွက်ပြီး အကြမ်းဖက်သတင်းနှင့်ပတ်သက်သည့်အချက်အလက်များအား အပြန်အလှန် သတင်းပေးဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံသား အကြမ်းဖက်သံသယရှိသူများကို စုံစမ်းစစ်ဆေးတွေ့ရှိပါက တရုတ်နိုင်ငံဘက်သို့ သတင်းပေးလွှဲပြောင်းပေးပြီး ပူးပေါင်းဆောင်ရွက်ရန်၊ နယ်စပ်ဝင်ထွက်သွားလာမှု စစ်ဆေးရေးစနစ်နှင့် ပုံစံများအား ပြုပြင်ပြောင်းလဲလိုပါက အချိန်နှင့်တစ်ပြေးညီ စာဖြင့်အပြန်အလှန်ပေးပို့ အကြောင်းကြားရန်၊ နယ်စပ်ဖြတ်သန်းသွားလာခွင့်စာအုပ်များဖြင့် ဝင်/ထွက်သွားလာရာတွင် သတ်မှတ်ရက်နှင့်သတ်မှတ်နယ်မြေ ကျော်လွန်ခဲ့ပါက စုံစမ်းစစ်ဆေးပြီး ပြစ်မှုဆိုင်ရာဥပဒေနှင့် ငြိစွန်းခြင်းမရှိပါက နှစ်ဦးနှစ်ဖက်လွှဲပြောင်းစစ်ဆေး စိစစ်ဆောင်ရွက်ရန်၊ မိမိတို့၏ကွပ်ကဲမှုအောက်ရှိ ဝန်ထမ်းများအား နယ်စပ်ဝင်/ထွက်မှုဆိုင်ရာ လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ပညာပေးလမ်းညွှန်မှုများ ပြုလုပ်ပေးပြီး နှစ်နိုင်ငံပြည်သူများ၏ နယ်စပ်ဝင်/ထွက်သွားလာမှု တရားဝင်အခွင့်အရေးကို ပူးပေါင်းဆောင်ရွက်ပေးရန်၊ နယ်စပ်ဝင်/ထွက်သွားလာခြင်း လုပ်ငန်းရပ်များ မြှင့်တင်ဆောင်ရွက်ရာတွင် သာမန်ဖြစ်စဉ်နှင့် ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန် တို့ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း စုံစမ်းသိရှိရသည်။

**ဆရာမောင်(မူဆယ်)**






# အလားအလာရှိသော ကျောက်မျက်ရတနာသိုက်များကို ဘူမိဗေဒစစ်တမ်းများထားရှိမှု ဆွေးနွေး

**နေပြည်တော် မေ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းအား Natural Resource Governance Institue(NRGI)မှ Myanmar/Asia Pacific Manager ဖြစ်သူ Mr. Matthieu Salomom က ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ)၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် Mr.Matthieu Salomon က NRGI အဖွဲ့အနေဖြင့် မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍ ပြုပြင်ပြောင်းလဲမှုများအပေါ် အထောက်အပံ့ပေးနိုင်မည့် သုတေသနစာတမ်းပြုစုရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ ကျောက်မျက်ရတနာကဏ္ဍဆိုင်ရာ အုပ်ချုပ်မှုများ၊ ကမ္ဘာ့အန္တံ့အတွေ့အကြုံများမှ သင်ခန်းစာများခေါင်းစဉ်ဖြင့် သုတေသနစာတမ်းတစ်စောင်ပြုစုရေး၊ ဝန်ကြီးဌာနဘက်မှ သိရှိလိုသည့် အကြောင်းအရာ၊ အချက်အလက်၊ ကိန်းဂဏန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလိုရေး၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ကျောက်မျက်ရတနာကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ မတူညီသည့်အချက်များ၊ အလားအလာရှိသော ကျောက်မျက်ရတနာသိုက်များကို ဘူမိဗေဒစစ်တမ်းများထားရှိမှု၊ ကျောက်မျက်လုပ်ငန်းတွင် ထုတ်ကုန်တန်ဖိုးမြှင့်တင်မှုနှင့် အလုပ်အကိုင်ဖန်တီး လုပ်ဆောင်နေမှုတို့ကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# နေ့စဉ်ရေသန့်ရေစည် ၁၀၀ လျှော့ဒါန်း

**ညောင်တုန်း မေ ၁၅**

ညောင်တုန်းမြို့မှ ရေစည်ပို့သူများ ဝင်ငွေတိုးပွားစေရေးနှင့် သောက်သုံးသူ ပြည်သူများ ရေကောင်းရေသန့် သောက်သုံး နိုင်စေရေးအတွက် ညောင်တုန်းမြို့ ဘောဂလမ်းထိပ် လမ်းမတော်မှ အထွေထွေရောဂါကု ဆရာဝန် ဒေါက်တာလွမ်းဝေက နေ့စဉ် ရေစည် ၁၀၀ ကို နံနက် ၇ နာရီမှစတင်၍ စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိသည်။

အထွေထွေရောဂါကု ဆရာဝန် ဒေါက်တာလွမ်းဝေသည် ရေကောင်းရေသန့်များကို နွေရာသီတွင်သာမက မိုးရာသီတွင်ပါ လှူဒါန်းလျက်ရှိခြင်း ဖြစ်ကြောင်း သိရှိရသည်။

**နေလင်း(ညောင်တုန်း)**

# မဲခေါင်စာပေဆုရရှိသူများစာရင်း ကြေညာ

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံစာရေးဆရာအသင်း မဲခေါင်စာပေဆုရွေးချယ်ရေးအဖွဲ့သည် ပြိုင်ပွဲဝင်စာအုပ်များဖိတ်ခေါ်ခဲ့ရာ စိစစ်ရွေးချယ်ရေးအဖွဲ့က ဝတ္ထုရှည်ဆုကို Lamp-Lady Dr.Nightingale ရေးသားသည့် "ARTIFICIAL VIRGIN"ကလည်းကောင်း၊ ကဗျာဆုကို Shwe Myaing Pyone Lei Maw ရေးသားသည့် "BEAUTIFIER POEMS" ကလည်းကောင်း ဆုရရှိကြကြောင်း ထုတ်ပြန်ကြေညာသည်။

ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ်(ယူနန်ပြည်နယ်)နိုင်ငံတို့ပါဝင်သည့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွက် ချီးမြှင့်မည့် (၈)ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို ဩဂုတ်လ စတုတ္ထပတ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း **မြန်မာနိုင်ငံစာရေးဆရာအသင်းမှ** သိရသည်။ **(သတင်းစဉ်)**

# ICT နည်းပညာကို အကျိုးရှိအောင် ဘယ်လိုအသုံးချကြမလဲ (၂)

သန်းဖြိုးနိုင်(ကညင်ကျိုး)

ပြီးခဲ့တဲ့ ရက်ကတော့ ICT သတင်းအချက်အလက်တွေကို ခေတ်မီနည်းပညာသုံးပြီး ကျွန်တော်တို့ကိုယ်စီ အကျိုးစီးပွားအတွက် ဘယ်လိုအကျိုးရှိအောင်သုံးစွဲကြရမယ်။ ဒီလိုသုံးစွဲတဲ့နေရာမှာလည်း ဘယ်အချက်တွေကိုတော့ ရှောင်ကြရမယ်။ ဘယ်အချက်တွေကိုတော့ ဆောင်ကြရမယ်ဆိုတာကို ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါနဲ့ဆက်စပ်ပြီး ဒီအပိုင်းမှာတော့ ဒီနည်းပညာတွေသုံးပြီး ကျွန်တော်တို့ နိုင်ငံအတွက်၊ ကျွန်တော်တို့ လူမှုဝန်းကျင်အတွက် အကျိုးရှိအောင်၊ တိုင်းပြည်ကြီးတစ်ခုလုံးတိုးတက်ကြီးပွားအောင်၊ မြို့ပြစနစ်တွေကောင်းမွန်သန့်ရှင်းသာယာလှပနေအောင်နဲ့ ဌာနဆိုင်ရာတွေနဲ့အမှုအခင်းတွေမှာ အဂတိတရားတွေ ကင်းရှင်းအောင် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာကို ကိုယ်တိုင်သွားလေ့လာခဲ့ဖူးတဲ့ တောင်ကိုရီးယားနိုင်ငံမှာ ဒီ ICT နည်းပညာကိုအသုံးချပြီး သူတို့နိုင်ငံ့ တိုးတက်မှုရအောင်ဆောင်ရွက်နေတဲ့ အကြောင်းတွေကိုဥပမာပြုတင်ပြရင်း ဆွေးနွေးသွားဖို့ ရည်ရွယ်ထားပါတယ်။

**သူတို့ဘာကြောင့်တိုးတက်နေသလဲ**

ယနေ့အချိန်အခါဟာ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်း အချိုးအကွေ့တစ်ခု၊ ခေတ်ပြောင်းခေတ်လွှဲတစ်ခုလို့ဆိုနိုင်သလို ခေတ်ဟောင်းက အတွေးအခေါ်၊ အမူအကျင့်တွေ၊ မအောင်မြင်တဲ့ပြုကျင့်နည်းစနစ်တွေ၊ အလုပ်မဖြစ်တော့တဲ့ လုပ်ထုံးလုပ်နည်းတွေကို စွန့်ခွာပြီး လမ်းသစ်ထွင်လျှောက်ကြရမယ့် အချိန်အခါတစ်ခုလို့ဆိုရင်လည်း မမှားနိုင်ပါဘူး။ ယနေ့အာရှမှာ အောင်မြင်ကျော်ကြားနေကြတဲ့နိုင်ငံတွေ၊ ခေတ်မီတိုးတက်နေကြတဲ့နိုင်ငံတွေကို သူတို့ဘာကြောင့် ကြီးပွားတိုးတက်လာနေသလဲလို့ လေ့လာကြည့်လိုက်ရင် သူတို့ဟာ ခေတ်မီနည်းပညာတွေကို တီထွင်ကြံဆထုတ်လုပ်ရောင်းချကြခြင်း၊ ထိုနည်းပညာတွေကိုအသုံးပြုပြီး တိုင်းပြည်တိုးတက်အောင်ဆောင်ရွက်ကြခြင်းနဲ့ နောက်ဆုံးအချက်တစ်ခုကတော့ နိုင်ငံတစ်ခုက အောင်မြင်နေတဲ့နည်းပညာကို အခြားနိုင်ငံတစ်ခုက အတုယူအားကျထပ်မံဆန်းသစ်တီထွင်ပြီး လိုက်ပါလုပ်ဆောင်ကြတဲ့အချက်တွေကို လေ့လာမိကြမှာပါ။

ဥပမာအနေနဲ့ ပြောပြရရင် ဂျပန်နိုင်ငံဆိုရင်လည်း အင်္ဂလန်တို့၊ အမေရိကန်နိုင်ငံတို့ဆီက ကောင်းမွန်တိုးတက်တဲ့နည်းပညာတွေ၊ ဥပဒေတွေကို ပုံတူကူးချ အတုယူပြီး တိုးတက်အောင် ဆောင်ရွက်ခဲ့ကြသလို အခုတောင်ကိုရီးယားနိုင်ငံဆိုရင်လည်း ဂျပန်နိုင်ငံက နည်းပညာတွေနဲ့ ဥပဒေတွေကို အတုယူပြီး ပိုမိုတိုးတက်အောင် ဆန်းသစ်တီထွင်ခဲ့ကြတာကိုလည်း လေ့လာခဲ့ရပါတယ်။

**ကျွန်တော်တို့ဘာတွေအတုယူသင့်သလဲ**

ဒီအတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း သူများနိုင်ငံတွေက ကောင်းတဲ့နည်းစနစ်တွေ၊ ကောင်းမွန်ပြည့်စုံတဲ့ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို အတုခိုးနမူနာယူဆောင်ကြပြီး အကြံချင်းတူရင် နောက်လူသာစမြဲ ဆိုသကဲ့သို့ သူတို့ထက်ခေတ်မီအောင်၊ တိုးတက်အောင်၊ ကြီးပွားအောင်ဆောင်ရွက်ကြရမယ့် အချိန်ကာလတစ်ခုကိုရောက်နေပါပြီလို့ဆိုခဲ့ရင်လည်း မှားနိုင်ဖွယ်ရာမရှိဘူးလို့ထင်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေတွေကို လေ့လာလိုက်ရင် နိုင်ငံတော်ကို အုပ်ချုပ်ခဲ့တဲ့သူတွေ အများကြီးအနေနဲ့ တိုင်းတစ်ပါးတွေကို သွားလာခဲ့ကြ၊ လေ့လာခဲ့ကြတာတွေ ရှိခဲ့ပေမယ့်လည်း ကိုယ့်နိုင်ငံအတွင်းမှာတော့ ပြန်လည်ဖော်ဆောင်ကျင့်သုံး လုပ်ဆောင်တာတွေမရှိခဲ့လို့သာ ဒီနေ့ အချိန်အခါမှာ ဒီလိုအခြေအနေတွေဖြစ်တည်နေကြရတာဖြစ်တယ်လို့လည်း ကောက်ချက်ဆွဲကြရမှာဖြစ်ပါတယ်။ ဒါဟာအမှန်တရားတစ်ခုပဲဖြစ်သလို လိုရာကိုဆွဲယူ တွေးတောရေးသားတင်ပြနေခြင်းမျိုးလည်း မဟုတ်ဘူးဆိုတာကို ဝန်ခံလိုပါတယ်။ ဒီအတွက်ပဲ သူတို့ ဘယ်လိုလုပ်နေသလဲ။ ကျွန်တော်တို့ဘယ်လိုလုပ်ရမလဲဆိုတာကို ကြည့်ကြရအောင်ပါ။

**တောင်ကိုရီးယားနိုင်ငံ၏ နည်းပညာတိုးတက်မှု သမိုင်းအကျဉ်း**

ဒီနေရာမှာအလျဉ်းသင့်လို့ တောင်ကိုရီးယားနိုင်ငံအနေနဲ့ သူတို့နိုင်ငံကို တိုးတက်ခေတ်မီအောင်ဆောင်ရွက်ခဲ့ကြတဲ့နေရာမှာ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့တဲ့ နည်းပညာကို သူတို့ဘယ်လိုတိုးတက်အောင်ဆောင်ရွက်ခဲ့ကြတယ်ဆိုတဲ့ သမိုင်းလေးကိုလည်း အကျဉ်းမျှ တင်ပြချင်ပါသေးတယ်။ သူတို့နိုင်ငံမှာ လက်ရှိဆက်သွယ်ရေးဂြိုဟ်တုငါးလုံးရှိနေပြီး အင်တာနက်မြန်နှုန်းစနစ်က ကမ္ဘာမှာဒုတိယအဆင့်ရှိနေပါတယ်။ ၁၈၈၅ ခုနှစ်ကတည်းက ဆက်သွယ်ရေးစနစ်ကို စတင်သုံးစွဲခဲ့ပြီး ၁၈၉၆ မှာတော့ သူတို့ကိုယ်ပိုင်ဆက်သွယ်ရေးဖုန်းများကို စတင်တီထွင်ခဲ့ကြပြီး ခေတ်အဆက်ဆက်အလိုက်တိုးမြှင့်အောင် ဆောင်ရွက်ခဲ့ကြတာ ၁၉၁၁ ခုနှစ်မှာတော့ ပထမဦးဆုံး ဝါယာလက်ရေဒီယိုစနစ်ကို တီထွင်အသုံးပြုနိုင်ခဲ့ကြပါတယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် ၁၉၃၅ ခုနှစ်မှာ အိတ်ချိန်းစနစ်ကိုပြောင်းလဲနိုင်ခဲ့ကြပြီး ၁၉၄၈ ခုနှစ်မှာ ဝန်ကြီးဌာနတစ်ခုအဖြစ် ဖွင့်လှစ်နိုင်ခဲ့ကြပါတယ်။ ဒီနောက်မှာတော့ ဆက်လက်ဆောင်ရွက်ခဲ့ရာ ၁၉၆၂ ခုနှစ်အရောက်မှာတော့ “Chaesin.No.1”ဖုန်းကို စတင်ထုတ်လုပ်ခဲ့ကြပါတော့တယ်။ ၁၉၇၀ ခုနှစ်မှာ ဂြိုဟ်တုစနစ်ကို စတင်ပြောင်းလဲနိုင်ခဲ့ပြီး ၁၉၈၆ ခုနှစ်မှာ ဒစ်ဂျစ်တယ်စနစ်ကို ပြောင်းလဲခဲ့ကာ ၁၉၉၆ ခုနှစ်အရောက်မှာတော့ CDMA ဖုန်းများကို စတင်ထုတ်လုပ်သုံးစွဲနိုင်ခဲ့ကြပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ အင်တာနက်မြန်နှုန်းမြှင့်စနစ်ဖြစ်ခဲ့ကာ ၂၀၁၁ ခုနှစ်မှာ 4G(4th Generation Mobile Commiration) အထိ တိုးတက်ခဲ့ရာမှ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ပိုမိုတိုးတက်ခဲ့ကြကြောင်း လေ့လာခဲ့ရပါတယ်။

သူတို့နိုင်ငံရဲ့ ICT ဆက်သွယ်ရေးစက်မှုကဏ္ဍသက်တမ်းဟာ အခုဆိုရင်နှစ်ပေါင်း ၁၃၀ တိုင်ခဲ့ကြောင်းတွေ့ရှိရခဲ့ရသလို ထိုအချက်ကပင်လျှင် ၎င်းတို့ နိုင်ငံတိုးတက်စေခဲ့တဲ့ အဓိကအချက်ဖြစ်ကြောင်း သုံးသပ်ရရှိခဲ့ပါတယ်။ သူတို့နိုင်ငံအနေနဲ့ ၂၀၁၁ ခုနှစ် နောက်ပိုင်းမှာ ကိုယ်ပိုင်ဂြိုဟ်တု လွှတ်တင်ခြင်း၊ ဖုန်းများတီထွင်ခြင်း၊ ရုပ်သံစက်များ ကိုယ်ပိုင်တီထွင်ခြင်းများကို ဂျပန်နိုင်ငံထံမှ အတုယူပြီး ကြိုးစားဆောင်ရွက်ခဲ့ကြောင်းကိုပါ တွေ့ရှိခဲ့ရတာပါ။ ပထမဦးဆုံးကတော့ သူတို့နိုင်ငံရဲ့အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးကိစ္စတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာ ဒီ ICTနည်းပညာကို ဘယ်လိုအသုံးချပြီး ပြည်သူတွေကို ဘယ်လိုဝန်ဆောင်မှုတွေပေးနေတယ်။ အချိန်၊ လုပ်အား၊ ငွေကြေးတွေ အရာရာသက်သာပြီး အဂတိလိုက်စားမှုတွေကို လျှော့ချနိုင်ခဲ့တဲ့အကြောင်းက စပြောကြရအောင်ပါ။

> **ICT နည်းပညာကို ထိထိရောက်ရောက်အသုံးချပြီး E- Government System ကို လက်တွေ့အကောင်အထည်ဖော်အသုံးပြုခြင်းဖြင့် စာရွက်စာတမ်းများ၊ စာရေးကိရိယာများ၊ Printer များ၊ Copeir များ၊ စာလှည့်စက်များ၊ ဖိုင်ဖောက်စက်များ၊ ချုပ်စက်များ ဝယ်ယူရတဲ့ကုန်ကျစရိတ်တွေ၊ ကုန်ဆုံးသွားတဲ့အချိန်တွေကို လျော့ပါးသက်သာစေကာ အစိုးရဌာနဆိုင်ရာများအတွင်းမှာလည်း အဂတိတရားလိုက်စားမှုများကို ပပျောက်စေပြီး ပွင့်လင်းမြင်သာတဲ့ အုပ်ချုပ်ရေးစနစ်ကိုလည်း ပြည်သူများထိတွေ့ခံစားနေကြရသည်မှာ အမှန်ပင်ဖြစ်ပါတယ်။**

**တရားရုံးတွေမှာ ဘယ်လိုအသုံးချကြတာလဲ**

ပထမဦးဆုံးအနေနဲ့ တရားစီရင်ရေးအကြောင်းက စပြောရရင် အမှုတစ်ခုဖြစ်တယ်ဆိုကြပါစို့။ တရားလိုဘက်က သူစွဲချင်တဲ့အမှုအကြောင်းကို ရှေ့နေဆီကို ဖုန်းနဲ့ပြောတိုင်ပင်ပြီး ရှေ့နေက အမှုတွဲပြင်ဆင်ပြီး ဥပဒေရုံးကို Email (သို့မဟုတ်) Viber နဲ့သာ ပေးပို့လိုက်ပါတယ်။ ဥပဒေရုံးကလည်း ဒီအပေါ်စိစစ်ပြီးလိုအပ်တာကို Online ပေါ်ကပဲ ပြန်တောင်းပြီး နောက်အချက်အလက်ပြည့်စုံရင် တရားရုံးကို online ကနေပဲ ပို့ပါတယ်။ တရားရုံးကလည်း ပေးပို့လာတဲ့အမှုကိုစိစစ်ပြီး ဘယ်နေ့မှာ အမှုကို စစ်မယ့်အကြောင်းနဲ့ ဘယ်သူ့ဘက်ကို အရင်စစ်မယ်ဆိုတာကို ဖုန်းMessage၊ Email၊ Gmail၊ Viber၊ Skype တွေက တစ်ဆင့်ဆက်သွယ်ပေးပို့ပြီး အမှုစစ်ကြတဲ့အခါမှာလည်းVideo.Conferecing နဲ့သာ စစ်ကြပါတယ်။ တရားသူကြီးတွေ၊ တရားရုံးဘက်ကလည်း ဒီကိစ္စတွေအပေါ် PaperlessSystemနဲ့သာ ဆောင်ရွက်ကြသလို အမှုကို စီရင်ချက်အမိန့်ကိုလည်း တရားလို၊ တရားခံတွေထံကို Online ကနေတစ်ဆင့်သာ ပေးပို့ပေးကြတယ်။ စီရင်ချက်အပေါ်မှာ ငွေကြေးဒဏ်ပေးဆောင်ကြရမယ်ဆိုရင်လည်း သူတို့ရဲ့ဘဏ်အကောင့်တွေ၊ ငွေပေးချေတဲ့ကတ်(Credit Card)တွေကနေတစ်ဆင့်ပဲ ပေးချေကြရသလို ထောင်ဒဏ်ကျခံကြရမယ်ဆိုရင်လည်း အပြစ်ချခံရသူက အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့သာ သူကျခံရမယ့်ထောင်ကို သွားကြရတာကို လွယ်ကူရှင်းလင်းစွာတွေ့မြင်ခဲ့ဖူးပါတယ်။ ဒ့ါအပြင် ဒီလိုတွေစစ်ဆေးနေတာ၊ ဆုံးဖြတ်နေတာတွေကိုလည်း အများပြည်သူတွေအားလုံး အချိန်နဲ့အညီသိရှိကြဖို့ တရားရုံးတွေရဲ့ ဝက်ဘ်ဆိုက်တွေမှာ Live Show တိုက်ရိုက်လွှင့်ပေးထားတာကိုလည်း သိမြင်ခဲ့ရပါတယ်။

ဆိုလိုချင်တာကတော့ ဒီလိုOnline ကနေ ICTနည်းပညာကိုအသုံးချပြီး နိုင်ငံနဲ့အဝှမ်းမှာဖြစ်ပေါ်နေတဲ့ အမှုတွေကို စစ်ဆေးစီရင်ဆုံးဖြတ်ကြတဲ့အခါ ပြည်သူတွေအတွက် သွားလာကြရမယ့်အချိန်တွေ၊ ကုန်ကျရမယ့်ငွေကြေးတွေ၊ အမှုအတွက်ပြုစုကြရမယ့် စာရွက်စာတမ်းတွေအတွက် ကုန်ကျစရိတ်နဲ့ အမှုအတွင်း ဖြစ်ပေါ်လာနိုင်မယ့် အကျင့်ပျက်ခြစားမှုတွေကို လျှော့ချကာကွယ်နိုင်ပြီး အလုပ်ပျက်အကိုင်ပျက်မဖြစ်ကြရပါဘူး။

**ယာဉ်တိုက်ခိုက်မှုတွေမှာ ဘယ်လိုဆောင်ရွက်ကြသလဲ**

ကိုယ်တိုင်ကြုံခဲ့ရတဲ့ ယာဉ်တိုက်မှုအကြောင်းပြန်ဖောက်သည်ချရရင်လည်း သူတို့ဒီအတိုင်းပဲ လုပ်ခဲ့ကြတာကို တွေ့မြင်ခဲ့ရပါသေးတယ်။ ကားနှစ်စီးတိုက်ကြတဲ့အခါ သူ့ဘက်ကိုယ့်ဘက် စကားအချေအတင်ဖြစ်တာတွေ၊ ယာဉ်ထိန်းရဲကိုစောင့်ပြီး စစ်ဆေးကြတာတွေမရှိဘဲ ဖြစ်တဲ့အခြေအနေ၊ ပျက်စီးဒဏ်ရာရမှုပမာဏတွေကိုသာ သူ့ဘက်ကိုယ့်ဘက်ရှုထောင့်အမျိုးမျိုးက ဓာတ်ပုံတွေအသီးသီးရိုက်ယူနေကြပြီး ပျက်စီးမှုရှိရင်လည်း အာမခံထားတဲ့ကားကုမ္ပဏီတွေက လာယူပြင်ဆင်ကြတယ်လို့ ဆိုပါတယ်။ သူတို့ရဲ့ အချက်အလက်တွေကိုသာ ကိုယ်စီရှေ့နေတွေကို ပေးပို့ပြီး အမှုကိုတော့ အပေါ်ကအတိုင်းစစ်ဆေးကြပြီး အမှုရှုံးသူက တစ်ဖက်ဆုံးရှုံးမှုကို လျော်ကြေးပေးတာတွေ၊ လူအသေအပျောက်ရှိရင်လည်း ထောင်ကျခံရတာတွေ လုပ်ကြရတယ်လို့ လေ့လာခဲ့ရပါတယ်။

**မြို့ပြစနစ်မှာ ဘယ်လိုသုံးကြသလဲ?**

နောက်တစ်ခု ဆက်ဆွေးနွေးကြရမယ့်အကြောင်းကတော့ မြို့ပြစနစ်မှာ ICT နည်းပညာကိုသုံးပြီး မြို့တော်တစ်ခုလုံးသန့်ရှင်းနေအောင်၊ စနစ်တကျရှိနေအောင်၊ ရာဇဝတ်မှုတွေကင်းရှင်းနေအောင် ဆောင်ရွက်ကြတဲ့နည်းပညာတွေပါ။ ဒါကတော့ မြို့ရဲ့လမ်းဆုံလမ်းခွ၊ မီးပွိုင့်တိုင်း၊ ဈေးတိုင်း၊ လမ်းကြိုလမ်းကြားတိုင်းနဲ့ဆိုင်တိုင်း၊ စားသောက်ဆိုင်တိုင်း၊ အိမ်အဝင်ဝတိုင်းမှာ CCTV တွေတပ်ဆင်ထားကြပြီး တစ်နေရာတည်းကနေ ထိန်းချုပ်စောင့်ကြည့်ကြတဲ့စနစ်ပါ။ ဒီလိုစောင့်ကြည့်ထိန်းချုပ်ကြတဲ့အခါ လမ်းဖြတ်ကူးတာကအစ၊ အမှိုက်ပစ်တာကအဆုံး မိမိကိုတစ်ဦးဦးကစောင့်ကြည့်နေသလို ခံစားကြရပြီး ချမှတ်ထားတဲ့ဥပဒေ၊ စည်းမျဉ်းစည်းကမ်းအတိုင်း ပြည်သူတွေကလည်း လိုက်နာကြတာကိုလည်း အမှန်အတိုင်းပဲတွေ့ခဲ့ကြရပါသေးတယ်။

**Cyber Crime ကိစ္စတွေကိုဘယ်လိုထိန်းချုပ်သလဲ**

ဒီအပိုင်းကိုတော့ အစိုးရဌာနဆိုင်ရာတွေက သူတို့ချည်းလုပ်ဆောင်ကြတာမျိုးမလုပ်ဘဲ ပြင်ပ IT ကုမ္ပဏီများနှင့်ပါ ချိတ်ဆက်ထားပြီး စောင့်ကြည့်နေကြတဲ့ဝန်ထမ်း ၂၀၀၀ ကျော်ရှိကြောင်း တွေ့ရှိရပါတယ်။ ကျန်ဌာနအားလုံးနှင့် ချိတ်ဆက်မှုအားလုံးကို E-System ဖြင့်သာ ဆောင်ရွက်နေကြပြီး သတင်းအချက်အလက်ကြိုတင်ရယူမှုစနစ်အားကောင်းကြောင်းကိုပါ တွေ့ရှိခဲ့ရပါတယ်။

ထို့ပြင် အခြားသော အစိုးရဌာနများအချင်းချင်းနှင့် ချိတ်ဆက်ဆောင်ရွက်ကြရာတွင်လည်း E- Government System ဖြင့်သာ ဆောင်ရွက်တဲ့အတွက် ငွေကြေး၊ အချိန်သက်သာပြီး အကျင့်ပျက်ခြစားမှုကင်းခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တရားမျှတခြင်းများဖြင့် တိုင်းပြည်သည်လည်း အချိန်တိုအတွင်း တိုးတက်ပြောင်းလဲကာ လူမှုအဖွဲ့အစည်းအတွင်းမှာလည်း ဥပဒေစိုးမိုးမှုရှိလျက် အေးချမ်းသာယာနေကြောင်း မြင်တွေ့ခဲ့ရပါတယ်။

အချုပ်အားဖြင့်ဆိုရလျှင် အခြားအခြားသော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနဲ့ စက်မှုလုပ်ငန်းများမှာလည်း ထို ICT နည်းပညာကို ထိထိရောက်ရောက်အသုံးချပြီး E- Government System ကို လက်တွေ့အကောင်အထည်ဖော်အသုံးပြုခြင်းဖြင့် စာရွက်စာတမ်းများ၊ စာရေးကိရိယာများ၊ Printer များ၊ Copeir များ၊ စာလှည့်စက်များ၊ ဖိုင်ဖောက်စက်များ၊ ချုပ်စက်များ ဝယ်ယူရတဲ့ကုန်ကျစရိတ်တွေ၊ ကုန်ဆုံးသွားတဲ့ အချိန်တွေကို လျော့ပါးသက်သာစေကာ အစိုးရဌာနဆိုင်ရာများအတွင်းမှာလည်း အဂတိတရားလိုက်စားမှုများကို ပပျောက်စေပြီး ပွင့်လင်းမြင်သာတဲ့ အုပ်ချုပ်ရေးစနစ်ကိုလည်း ပြည်သူများ ထိတွေ့ခံစားနေကြရသည်မှာ အမှန်ပင် ဖြစ်ပါတယ်။ ICTနည်းပညာကိုအသုံးချပြီး အထက်ဖော်ပြခဲ့သလို လိုက်ပါပြုကျင့်ဆောင်ရွက်နိုင်ကြခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံအတွင်းမှာလည်း ပြည်သူနှင့်အစိုးရအကြား တရားဥပဒေစိုးမိုးရေးစနစ် ပိုမိုထိရောက်ကောင်းမွန်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ICT နည်းပညာအရခိုင်မာတဲ့ သတင်းအချက်အလက်များအပေါ်မူတည်၍ နိုင်ငံတော်သည်လည်း အချိန်တိုအတွင်း တိုးတက်ပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်မည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# စာဖတ်ခြင်း၌ မွေ့လျော်စေချင်

မသဇင်

စာမဖတ်သောကလေးသည် သူ၏ အနာဂတ်ကမ္ဘာကို သော့ခတ်ထားသည်နှင့် တူပါသည်။ လူကြီး၊ လူကောင်း၊ ဆရာ၊ မိဘ၊ ဆွေမျိုးသားချင်းတို့က ဝိုင်း၍ ကလေးတို့၏ အနာဂတ်ကမ္ဘာ၏ တံခါးပေါက်ကို သော့ဖွင့်ထား၍ စာအုပ်ခင်းသောလမ်းပေါ်သို့ တွန်းတင်ပေးရပါမည်။

ယခုအခါ၌ စာဖတ်ခြင်း၌ မွေ့လျော်ကြမည့်အစား တောရောမြို့ပါ ဗီဒီယိုကြည့်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း၊ ဂိမ်းအမျိုးမျိုးကစားခြင်း (ကွန်ပျူတာဂိမ်း၊ တီဗွီဂိမ်း)၊ ကာရာအိုကေသီဆိုခြင်းများ၌သာ နစ်မွန်းပျော်ပိုက်နေကြသည်ကို အကြမ်းဖျင်းမြင်သာပါသည်။ ထုတ်ဝေသော စာအုပ်အရေအတွက်မှာ အုပ်ရေ ရာဂဏန်းမှ ထောင်ဂဏန်းကြားသာ အများအားဖြင့်ရှိကြပြီး သောင်းဂဏန်းထုတ်နိုင်သော စာအုပ်မှာ မရှိသလောက်ရှားပါးသည်ကို ကြည့်ခြင်းဖြင့် စာဖတ်ပရိသတ်အားမှာ အားရဖွယ်မဟုတ်သေးကြောင်း သိသာပါသည်။ လူငယ်လူရွယ်တို့ကြား စာဖတ်အား လျော့ရဲလျက်ရှိသည်မှာ မြေကြီးလက်ခတ် မလွဲပါ။

ကျောင်းနေသောအရွယ်လေးများတွင် အဘိုးအဘွားမိဘများအနေဖြင့်လည်းကောင်း၊ ကြီးဒေါ်၊ ဦးကြီး၊ ဘကြီးများအနေဖြင့်လည်းကောင်း ရင်သွေးငယ်လေးများ စာများများဖတ်လာအောင်၊ စာဖတ်ခြင်းအလေ့၌ မွေ့လျော်တတ်လာအောင် မည်သို့ကူညီပံ့ပိုးနိုင်ကြောင်း ရေးသားတင်ပြပါရစေ။ မိဘများ၏အားပေးမှုသည် ကလေးသူငယ်တို့အတွက် ပီတိဝေဖြာလျက်၊ အားတက်လျက်ရှိသည်မှာ မိုးလေဝသခန့်မှန်းချက်အတိုင်းပြောရလျှင် ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်ဟု ဆိုရပါမည်။

"အလိမ္မာ စာမှာရှိ" ဆိုသည့်ဆိုရိုးအတိုင်း စာဖတ်နာမှ အသိအလိမ္မာပါသောဘဝကို တည်ဆောက်နိုင်ပါသည်။ တိုးတက်ပြီးသောနိုင်ငံများတွင် မည်မျှပင် ပစ္စည်းကိရိယာ ဆန်းပြားဆန်းပြား၊ မည်မျှပင် ရုပ်ရှင်တွေကောင်းကောင်း စာအုပ်ဖတ်ခြင်းအလေ့သည်လည်း ထိုဆန်းပြားပစ္စည်းများနှင့် အပြိုင်ပင် ဆုတ်ယုတ်ကျဆင်းသွားခြင်းမရှိသည်ကို ထူးထူးခြားခြား သတိပြုမိပါသည်။ မည်သည့် ကလေးစာပေ၊ လူငယ်စာပေ၊ လူကြီးစာပေမဆို၊ သောင်းချီ၍ ထုတ်နေရသည်ချည်းဖြစ်ပါသည်။ ကဏ္ဍအလိုက်၊ အမျိုးအစားအလိုက် ဝယ်အားလည်း မကျဆင်း၊ ထုတ်ဝေအားလည်း မလျော့ရဲဘဲ တင့်တယ်မြဲ တင့်တယ်လျက် ရှိနေပါသည်။

ရှေးဦးစွာ ကျွန်ုပ်တို့၏ ရင်သွေးလေးများ အဘယ်ကြောင့် စာများများဖတ်သင့်သနည်းဟူသော မေးခွန်းအတွက် ဖြေစရာအချက်များကလည်း ရှိနေပါသည်။ လေ့လာကြည့်ကြပါစို့။ ကလေးများ စာဖတ်သင့်ခြင်းအကြောင်းမှာ စာဖတ်ခြင်းဖြင့် ကလေးတို့၏ကမ္ဘာကို ဗဟုသုတအသိဉာဏ်များ ကျယ်ပြန့်တိုးတက်စေခြင်း၊ ကလေးများ စာဖတ်ခြင်းဖြင့် ဘာသာစကား၊ စာပေကျွမ်းကျင်မှု၌ တိုးတက်စေခြင်း၊ စာဖတ်သောကလေးများသည် ကျောင်းများတွင် ပို၍ထူးချွန်ကောင်းမွန်အောင်နေနိုင်ခြင်း၊ စာဖတ်ခြင်းသည် ကလေးများကို ပျော်ရွှင်စေခြင်း ဟူသော အနှစ်သာရရှိသည့် အဖြေများကို ရရှိပါသည်။

မိမိကလေးများ၏ တစ်သက်တာတွင် စာဖတ်ခြင်းအလေ့အကျင့်ကို ရသွားစေရန် ပြုစုပျိုးထောင်ပေးရမည်မှာ မိမိမိသားစုသည်သာ အကြောင်းရင်းခံဖြစ်ပါသည်။ လက်ဦးဆရာသည် မိနှင့်ဖသာ ဖြစ်ပါသည်။ မိမိမည်မျှ အလုပ်တွေရှုပ်၊ စိတ်တွေရှုပ် ရှိနေပါစေ၊ ခေတ္တခဏ မေ့ထားလိုက်ကြည့်ပါ။ အိမ်အလုပ်၊ စီးပွားရေးအလုပ်များကို ခဏမေ့ပစ်၍ ကလေးအတွက် အချိန်ပေးကြည့်ပါ။

အလုပ်များက သင့်ကို စောင့်နေနိုင်ပါသည်။ ကလေးက စက္ကန့်နှင့်အမျှ ဖွံ့ဖြိုးကြီးထွားလျက်ရှိနေသောကြောင့် ကလေးများက စောင့်မနေနိုင်ပါ။ သူတို့လေးတွေ ဖွံ့ဖြိုးကြီးထွားလာသောအခါ သူတို့သည် သင်ပစ်ထား၍ ညစ်ပတ်နေသော ခုံအောက်က ဖုန်မှုန့်များကိုလည်းကောင်း၊ ပန်းကန်ဆေးစင်ပေါ်မှ ပေကျံနေသော ပန်းကန်များကိုလည်းကောင်း မေ့လျော့သွားနိုင်ပါသည်။ သို့သော် သူတို့လေးတွေနှင့် အတူတကွအချိန်ပေးပြီး မိခင်က စာဖတ်ခြင်း၊ ဖခင်က စာဖတ်ပြခြင်းတို့ကိုမူ နွေးထွေးအောက်မေ့ဖွယ်ရာ အချိန်များအဖြစ် မှတ်မိနေတတ်ပြီး အမှတ်ရတိုင်းလည်း စိတ်ချမ်းမြေ့ပျော်ရွှင်မှု ခံစားနေမည်မှာ မလွဲပါ။ မိသားစုအတွင်း အချစ်ဖြင့် နွေးထွေးသိုင်းခြုံထားနိုင်သော နည်းလမ်းကောင်းလည်း မည်ပါသည်။

ကလေးတို့သည် အချိန်ကို မျှတစွာ၊ စနစ်တကျ အကျိုးရှိစွာ သုံးတတ်စေရန် မိဘများက စာဖတ်ခြင်းဆိုင်ရာပစ္စည်းများ ဥပမာစာအုပ်များဖြင့် အထောက်အပံ့ပေးခြင်း၊ ပံ့ပိုးပေးခြင်းအားဖြင့် စာဖတ်ခြင်း၊ အားကစားလုပ်ခြင်း၊ ကွန်ပျူတာကစားခြင်း၊ ဗီဒီယိုကြည့်ခြင်း၊ သူငယ်ချင်းများနှင့် အတူနေခြင်း၊ ကျောင်းတက်ခြင်းနှင့် အခြားစိတ်ဝင်စားဖွယ်ရာတို့အကြားတွင် အချိန်ကို ညှိယူသတ်မှတ်ပေးနိုင်ပါသည်။ မျှမျှတတ ဖြစ်စေနိုင်ပါသည်။

**မိသားစုပိုင်စာကြည့်တိုက်ငယ်ကို တည်ထောင်ပေးခြင်း**

စာအုပ်များရှိသောအိမ်သည် နွေးထွေးခြင်း၊ နှစ်လိုဖွယ်ရာဖြစ်ခြင်းစသည့် ဖိတ်ခေါ်ချင်စရာကောင်းသည့် နေရာလေးဖြစ်လာတတ်ပါသည်။ မိသားစု စိတ်ဝင်စားစရာအကြောင်းအရာများ၊ ဝါသနာပါရာ အကြောင်းအရာများကို ထင်ဟပ်စေသည့် မိသားစုပိုင် စာကြည့်တိုက်ငယ်လေးများကို အိမ်တိုင်း၌ ရှိစေသင့်ပါသည်။ သူဌေးအိမ်များ၊ အိမ်ကြီးရာကြီးများကဲ့သို့ စာအုပ်ဗီရိုအသွယ်သွယ်ဖြင့် စာဖတ်ခန်းများ သီးခြားရှိမှမဟုတ်ပါ။ စာအုပ်အစုအစည်းလေးကို သင်၏အိမ် သင့်လျော်ရာ မည်သည့်နေရာတွင်မဆို ထားသို၍ရပါသည်။ ထားတတ်မည်ဆိုလျှင် မီးဖိုချောင်ရှိ ကြောင်အိမ်အမိုးသည်လည်းကောင်း၊ အိပ်ရာဘေးရှိ စားပွဲငယ်လေးသည်လည်းကောင်း၊ ကြိမ်ခြင်းကြားကြီးများသည်လည်းကောင်း၊ ကတ်ထူပုံးများ၊ ပလတ်စတစ်ပုံးများသည်လည်းကောင်း၊ အုတ်ခဲများ တစ်ဖက်တစ်ချက်ပုံ၍ သစ်သားပြားများ ခင်းချ၍လည်းကောင်း စာအုပ်စင်အဖြစ်၊ စာကြည့်တိုက်ငယ်လေးများအဖြစ်လည်း ဖန်တီးတည်ထောင်၍ရပါသည်။ သားသမီးတို့၏ စာအုပ်စင် စာဖတ်ခန်းကို ဖခင် မိခင်နှင့်အတူတကွ ပြင်ဆင်ခြင်း၊ သစ်သားတို သစ်သားစများဖြင့် စာအုပ်စင် ထူထောင်ပေးခြင်းတို့သည် ကလေးအတွက် တစ်သက်အမှတ်ရစရာဖြစ်လာပြီး မိသားစုအတွင်း နွေးထွေးသောမေတ္တာဓာတ်များ စိမ့်ပျံ့နေမည်မှာ အမှန်ပင် ဖြစ်ပါသည်။ မိဘတစ်ဦးအနေဖြင့် သားသမီးကို မှန်ကန်သောလမ်းကြောင်းပေါ်သို့ တင်ပို့နေပြီဟု ပြော၍ရပါပြီ။

စာကြည့်တိုက်လေးထားရှိပြီးနောက် မည်သည့်အချိန် စာဖတ်ကြမလဲဟုမေးစရာရှိလာပါသည်။ မိမိမိသားစု အဆင်ပြေရာအချိန်ကို ရွေးချယ်နိုင်ပါသည်။ မူကြိုနှင့် မူလတန်း၊ အလယ်တန်းကလေးများအတွက် အိပ်ရာဝင်ချိန်သည် အကောင်းဆုံးအချိန်အဖြစ် တင်ပြလိုပါသည်။

**မိမိကလေး စာဖတ်သမားကောင်းတစ်ယောက်ဖြစ်လာရန် ကူညီပံ့ပိုးပုံ**

မိမိအနေဖြင့် ရင်သွေးငယ်ကို စာဖတ်ပြရန် အချိန်ယူထားပြီ (သို့မဟုတ်) ရင်သွေးတို့ ဖတ်ပြသော စာအုပ်ကို နားထောင်ရန် အချိန်ပေးထားပြီဆိုပါက မိမိကလေးအား စာဖတ်သမားကောင်းတစ်ယောက် ဖြစ်လာစေရန် ကူညီနေသော လမ်းကြောင်းပေါ်တွင် သင်လျှောက်နေပြီဟု ဆိုရပါမည်။ ပိုမို၍ ကူညီနိုင်ရန် ဖတ်မိဖတ်ရာ၊ မှတ်မိမှတ်ရာ၊ အကြံကောင်းများ ဝေမျှပါရစေ။

တစ်ကြောင်းစ၊ နှစ်ကြောင်းစ ဖတ်ပြပြီးသောအခါ ဝါကျကို ဆုံးအောင် ဖတ်မပြဘဲ ရပ်လိုက်ခြင်းဖြင့် ကလေးသည် သူ့ဟာသူပင် နောက်ကကပ်ပါလာသောစာလုံးကို ဆက်ဖတ်ပါတော့သည်။ ဤသို့ဖြင့် နားထောင်သူအဖြစ်မှ ဖတ်သူအဖြစ်သို့ ဆွဲဆောင်ခေါ်လာနိုင်ပါသည်။ စာဖတ်ရင်းကလေးကို အမိပ္ပာယ်ရှာစေခြင်း၊ ပျော်မွေ့စေခြင်း ဖြစ်လာစေပါသည်။ ပုံပြင်၏ တစ်နေရာတွင် စာဖြတ်ခြင်း ရပ်တန့်လိုက်ပြီး "ကဲ ဘာဆက်ဖြစ်မယ်လို့ သားသားကထင်လဲ" "မီးမီးက ဘယ်လိုအဆုံးသတ်မယ်လို့ထင်လဲ"စသည်ဖြင့် ကလေး၏ ထင်မြင်ချက်ကို တောင်းကြည့်ပါ။ အဖြေရပြီးသောအခါ စာမျက်နှာဆက်လှန်ပြီး မိခင်နှင့်အတူ ဘာဖြစ်မည်ကို ရှာဖွေကြည့်ပါ။ "ဟ သားသားတွေးတာ မှန်တယ်ဟေ့"၊ "ဖေဖေထင်တာ မှားသွားပြီကွာ"စသည်ဖြင့် ကလေးအတွက် စိတ်ဝင်စားပြီးရင်း စိတ်ဝင်စားလာအောင် ဆွဲဆောင်၍ရပါသည်။

ကလေးတို့သည် စာကိုဖတ်သွားသော်လည်း အဓိပ္ပာယ်ကို အတိအကျ တကယ်မသိနိုင်ကြသေးပါ။ ပုံပြင်ကို နားလည်မလွယ်သောအခါ အရသာကိုလည်း မခံစားတတ်ကြသေးချေ။ ထို့ကြောင့် ဆွေးနွေးချိန်ယူ၍-

"ဒီပုံလေးကို သားက ဘာလို့ ကြိုက်တာလဲ"

"ဘယ်နေရာကို အကြိုက်ဆုံးလဲ"

"ဘာလို့ ဒီလိုဖြစ်သွားရတာလဲ"

"ပုံပြင်အစတုန်းက ဘာဖြစ်ခဲ့တာလဲမှတ်မိရင် ပြန်ပြောပါဦး"

စသည်ဖြင့် အမေးအဖြေလုပ်ကြည့်ပါ။

ထို့ပြင် ကလေးများကိုလည်း အလှည့်ပေး၍ ပြောကြားပါစေ။ စကားအရာ၌ ပို၍ကြွယ်ဝလာသည်ကို တွေ့ရပါမည်။ ဖတ်ပြပြီးသောပုံပြင်ကို ကိုယ်ပိုင်စကားဖြင့် ပြောတတ်သလို ပြန်ပြောခိုင်းပါ။ ကလေးကို အိပ်ရာထဲသွင်းပြီး မိခင်(သို့မဟုတ်) ဖခင်က ပုံပြင်ဝတ္ထုဇာတ်ကြောင်းများ ဖတ်ပြခြင်းသည် ကလေးအတွက် မကြာခင်ပင် ခေါင်းငိုက်စိုက်ကျအိပ်ပျော်သွားပြီး နွေးထွေးလုံခြုံ စိတ်ချမ်းသာစွာ အိပ်ပျော်ခြင်းအရသာကို ခံစားစေရမည် ဖြစ်ပါသည်။

စာကြည့်တိုက်လေး ထူထောင်၊ စာဖတ်ချိန်ရွေးချယ်ပြီးနောက် စာအုပ်တွေရရန် ကြံဆသောအခါ စာအုပ်တွေ ဈေးကြီးလိုက်တာဟု ညည်းမိမည်မှာ မလွဲပါ။ သို့သော် အိမ်များတွင် အဆောင်အယောင် အကြွားအဝါအဖြစ်ထားရှိသော ကက်ဆက်များ၊ စီဒီခွေပြားများ၊ စီဒီခွေများ၊ တီဗွီများနှင့် နှိုင်းယှဉ်ကြည့်စေချင်ပါသည်။ ရုပ်ရှင်လက်မှတ်၊ ပြဇာတ်လက်မှတ်၊ စတိတ်ရှိုးလက်မှတ်များ၏ တန်ဖိုးများနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ကုန်ကုန်ပြောရလျှင် မွေးနေ့ဆုမွန်ကတ်ပြားများဖြင့်ပင် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ အထက်ပါပစ္စည်းအားလုံး အသုံးချပြီးပါက လွှင့်ပစ်၍ရပါသည်။ စာအုပ်မှာမူ ဟောင်းသွားသော်လည်း စာမဟောင်းပါ။ မဖတ်ရသေးလျှင် သစ်မြဲသာ ဖြစ်ပါသည်။

သင့်ကလေးအတွက် စာအုပ်များကို ဝယ်ယူရန် စာအုပ်ဆိုင်များသို့ ကလေးများနှင့် အတူသွား၍ ဝယ်သင့်ပါသည်။ စာကြည့်တိုက်များကိုလည်း အချိန်ယူ၍ ကလေးများနှင့်အတူသွား၍ စာအုပ်ရွေးခြင်း၊ ငှားခြင်း၊ ပြန်အပ်ခြင်း စသည့်အလေ့အကျင့်ကောင်းကို ကလေးအား ပေးနိုင်ပါသည်။ ကလေးအတွက် စာကြည့်တိုက်သည်လည်းကောင်း၊ ရွေ့လျားစာကြည့်တိုက်သည်လည်းကောင်း ဝမ်းသာစရာ၊ အားတက်စရာများအဖြစ် ပီတိအလှလေးများ ရနိုင်အောင် မိဘကိုယ်တိုင်ကဦးဆောင်ပေးပါ။ ငှားလာသောစာအုပ်ကို ရိုသေစွာ ကိုင်တွယ်တတ်ရန် LIBRARY BAG ဟု ခေါ်သော မြန်မာ့ရိုးရာလွယ်အိတ်လေးများ ဝယ်၍ငှားရမ်းလာသော စာအုပ်များ ယူဆောင်လာခြင်း၊ ပြန်လည်ပေးအပ်စေခြင်းစသည်ဖြင့် စည်းကမ်းကိုပါ ပေးနိုင်ပါသည်။ "မိုးစိုကုန်မှာစိုးလို့၊ ဖုန်တက်မှာစိုးလို့ စာကြည့်တိုက်အိတ်ထဲ ထည့်သွားရမှာနော်" ဟု သင်ပြရပါမည်။ စာအုပ်လျှော့ဈေးအရောင်းပွဲတော်များသို့ ကလေးနှင့်အတူ သွားဝယ်ပါ။ လမ်းဘေးစာအုပ်ဆိုင်များသို့လည်း သွားဝယ်နိုင်ပါသေးသည်။ ယခုအခါ စာအုပ်ဈေးပွဲတော်လေးများ လုပ်လေ့ရှိပြီး စာအုပ်အသင်းတိုက်များမှ စာအုပ်သစ်များ လျှော့ဈေးဖြင့်ရောင်းချခြင်း၊ ကိုယ်ပိုင်စာအုပ်ဟောင်းလေးများ ခုံငယ်လေးခင်း၍ ရောင်းချခြင်းစသည်ဖြင့် စာအုပ်များ တစ်ပွေ့တစ်ပိုက်၊ တစ်ပုံတစ်ပင်ကို အလွန်တန်သောဈေးဖြင့် ဝယ်ယူရနိုင်ပါသည်။ ကျောင်းများတွင်လည်း ခွင့်ပြုချက်ဖြင့် ကလေးစာပေ၊ လူငယ်စာပေတို့ကို ဈေးပွဲတော် လုပ်ခွင့်ရပါလျှင် ကျောင်းကို ရောင်းရငွေအပေါ် ရာခိုင်နှုန်းသတ်မှတ်လှူဒါန်းရသဖြင့် ကျောင်းအတွက်လည်း ရန်ပုံငွေတိုး၊ စာအုပ်ချစ်သူမိဘနှင့် ကလေးများအတွက်လည်း ဈေးသက်သက်သာသာဖြင့် ကောင်းသောအလေ့အကျင့်ဖြစ်ပါသည်။ စာအုပ်ရှာဖွေဝယ်ယူရသည်မှာ ရွှေတူးနေသည်နှင့်လည်းတူ၍ ရတနာသိုက်ရှာဖွေနေသည်နှင့်လည်း တူပါသည်ဟု မိဘများကိုယ်တိုင်က ခံယူလျက် မိမိကလေးကို လမ်းကြောင်းမှန်ပေါ် တင်လိုက်နိုင်ပါသည်။

ကလေးများစာအုပ်ပိုင်ရှင်များအဖြစ် တွန်းအားပေးရာရောက်သော နည်းတစ်နည်းမှာ ဆုပေးလျှင်သော်လည်းကောင်း၊ လက်ဆောင်အဖြစ် ပေးလျှင်သော်လည်းကောင်း စာအုပ်ပေးခြင်းနည်းဖြစ်ပါသည်။ ဤနည်းဖြင့် မိမိမိသားစု၏ နိစ္စဓူဝဆောင်ရွက်ဖွယ်ကိစ္စရပ်များတွင် စာဖတ်ခြင်း၊ စာအုပ်စုခြင်းတို့ကို အလေးထားပြုလုပ်နေခြင်းသည် ကလေးအတွက် ကြီးပွားတိုးတက်ရာလမ်းကြောင်းပေါ်သို့ တွန်းတင်ပေးနေသည့်အလား ဖြစ်ပါသည်။

မိဘများအနေဖြင့် ကလေးအား အားပေးအားမြှောက်ပြု၍ မိမိဘာသာ ဖန်တီးယူသော ကိုယ်ပိုင်ပုံပြောတမ်းကိုလည်း ကစားကြည့်ပါ။ ကျောင်းတွင် တွေ့ကြုံရသော အကြောင်းအရာများကို ဖန်တီးပြောစေခြင်းသည် စာအရေးကောင်းတစ်ယောက်၏ အလေ့ကောင်းတစ်ရပ်ကို ပြုစုပျိုးထောင်ပေးသည်နှင့်တူပါသည်။ ကိုယ်သိသူများကို ဇာတ်ကောင်များအဖြစ် ဖန်တီးပါစေ။ မိသားစုဝင်များကိုလည်း အကြံပေး၍ ထည့်သွင်းခိုင်းပါ။ ဥပမာ "သားသားနဲ့ မေမေရယ်၊ ဖေဖေရယ်တောထဲကို ထင်းသွားခွေတော့ ကျားကြီးတစ်ကောင်နဲ့ တွေ့တယ်။ ကျားကြီးက သားသားကို ကိုက်စားမယ်ပြောတော့ ဖေဖေက မစားပါနဲ့ ကျားကြီးရယ်၊ မုန့်ပဲစားပါလို့ ကျွေးလိုက်တယ်။ ကျားကြီးက ကောင်းလိုက်တာ နောက်နေ့လည်း ယူခဲ့ပါဦးတဲ့" စသည်ဖြင့် စိတ်ကူးစိတ်သန်းများ တိုးပွား၍ ကြံဆတတ်လာပါလိမ့်မည်။

**(ဆက်လက်ဖော်ပြပါမည်။)**

> **"ကလေးများ စာအုပ်ပိုင်ရှင်များအဖြစ် တွန်းအားပေးရာရောက်သော နည်းတစ်နည်းမှာ ဆုပေးလျှင်သော်လည်းကောင်း၊ လက်ဆောင်အဖြစ် ပေးလျှင်သော်လည်းကောင်း စာအုပ်ပေးခြင်းနည်းဖြစ်ပါသည်။ ဤနည်းဖြင့် မိမိမိသားစု၏ နိစ္စဓူဝဆောင်ရွက်ဖွယ်ကိစ္စရပ်များတွင် စာဖတ်ခြင်း၊ စာအုပ်စုခြင်းတို့ကို အလေးထားပြုလုပ်နေခြင်းသည် ကလေးအတွက် ကြီးပွားတိုးတက်ရာလမ်းကြောင်းပေါ်သို့ တွန်းတင်ပေးနေသည့် အလားဖြစ်"**

# ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး ယဉ်ကျေးမှုဇုန်ပြင်ဆင်ရာတွင် ဒေသခံပြည်သူများ၏အကျိုးစီးပွားကို မထိခိုက်အောင် ဆောင်ရွက်မည်

**ညောင်ဦး မေ ၁၅**

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် ယဉ်ကျေးမှုဇုန်ပြင်ဆင်သတ်မှတ်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို မထိခိုက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဇုန်ပြင်ဆင်သတ်မှတ်မှုနဲ့ ပတ်သက်ပြီး ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ တန့်ကြည်တောင်အထိ ဇုန်တိုးချဲ့သွားမှာဖြစ်ပါတယ်။ ဒီဘက်ခြမ်းမှာဆိုရင် ညောင်ဦးမြို့နဲ့ ပုဂံမြို့ရှိပါတယ်။ နောက်ပြီး ကျေးရွာပေါင်း ၁၉ ရွာလောက်ရှိပါမယ်။ အဲဒီမြို့ရွာတွေက အခုမှ ပေါ်ထွန်းလာတဲ့မြို့ရွာတွေမဟုတ်ပါဘူး။ ပုဂံသမိုင်းကြောင်းနဲ့အတူ စီးမျောလာခဲ့တဲ့ သမိုင်းကြောင်းအမွေအနှစ်တွေပဲ ဖြစ်ပါတယ်။ ဇုန်ပြင်ဆင်သတ်မှတ်တဲ့နေရာမှာ မြို့ရွာတွေရွှေ့ခြင်း၊ ဆောက်ပြီးသား ဟိုတယ်၊ မိုတယ်နဲ့ စားသောက်ဆိုင်တွေ ဖျက်ခြင်းလုံးဝမလုပ်ပါဘူး။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းတဲ့အခါမှာ ဇုန်ပြင်ဆင်သတ်မှတ်တာတွေပါမယ်။ ဥပဒေပြဋ္ဌာန်းမှုတွေပါမယ်။ အားလုံးဟာ ဒေသခံလူထုရဲ့အကျိုးစီးပွားကို ဦးထိပ်ထားပြီး ဒေသခံတွေရဲ့အကျိုးစီးပွားကို မဆန့်ကျင်စေရဘူး။ အကျိုးစီးပွားပိုမိုဖြစ်ထွန်းတဲ့ ကောင်းမွန်တဲ့အနာဂတ်ဖြစ်ပေါ်လာစေဖို့အတွက် ဥပဒေတွေပါရေးဆွဲဆောင်ရွက်မယ်။ ဒေသခံအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေလည်း ထူထောင်ခွင့်ရမှာ ဖြစ်ပါတယ်။ ဇုန်ပြင်ဆင်သတ်မှတ်မယ်ဆိုရင် ဒေသခံပြည်သူတွေရဲ့ အကျိုးစီးပွားကို ပိုမိုအကာအကွယ်ပေးနိုင်ဖို့အတွက်ကိုပဲ သတ်မှတ်သွားမှာပါ" ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောကြားခဲ့သည်။




ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်းများကို ၂၀၁၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် အဆိုပြုစာတွဲ(မူကြမ်း) Nomination Dossier (Draft) ကို တင်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုလက်ရှိ ၆၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ယဉ်ကျေးမှုဇုန်ပြင်ဆင်ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီးဆောင်ရွက်လျက်ရှိပြီး ဇုန်ပြင်ဆင်ရာတွင် ဒေသခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံစီးပွားရေးလုပ်ငန်းများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်မှုမရှိစေဘဲ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်လာနိုင်စေရေး ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထိရောက်စွာထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရာတွင် ပိုမိုထိရောက်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်စေရေး မြို့ရွာများမရွှေ့ပြောင်းဘဲ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြို့ရွာသစ်များကိုလည်း ဇုန်နှင့်လွတ်ကင်းသည့်နေရာများတွင် တည်ထောင်ပေးမည်ဖြစ်ကြောင်းနှင့် ဇုန်ထဲရှိ မြို့ရွာများကို လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ယဉ်ကျေးမှုအမွေအနှစ်ကိုမထိခိုက်စေဘဲ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကိုလည်း ခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် အကြီးစားစက်မှုလုပ်ငန်းများကို ခွင့်ပြုပေးမည်မဟုတ်ကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုနယ်မြေ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာခဲ့ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည်ဖြစ်သည့်အပြင် ဒေသတွင်းရှိ ရိုးရာလက်မှုပညာများနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ကမ္ဘာကသိရှိလာမည်ဖြစ်သည်။

ထို့ပြင် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးမှုကြောင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိလာခြင်း၊ များပြားလာသောပြည်တွင်းခရီးသွားဧည့်သည်များကြောင့် ဒေသခံများဝင်ငွေပိုမိုရရှိခြင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ကမ္ဘာပေါ်တွင်အရေးကြီးဆုံးသော ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာနေရာတစ်ခုဖြစ်ကြောင်း၊ အမွှမ်းတင်ဂုဏ်ပြုနိုင်ရန် အခွင့်အလမ်းရရှိခြင်း၊ ပုဂံရှေးဟောင်းအမွေအနှစ်ဒေသ၏ ရှေးဟောင်းအဆောက်အအုံများ ဒြပ်ရှိဒြပ်မဲ့အမွေအနှစ်များနှင့် ယဉ်ကျေးမှုသဘာဝပတ်ဝန်းကျင်တို့အား ကမ္ဘာ့အဆင့်မီကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ ပုဂံဒေသရှိ အမွေအနှစ်များအား ကာကွယ်ထိန်းသိမ်းရန်အတွက် နိုင်ငံတကာမှ နည်းပညာနှင့် ငွေကြေးအထောက်အပံ့များရရှိလာခြင်းတို့ကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

Monument Zone(MZ)၊ Ancient Zone(AZ)၊ Protective Zone(PZ) ဟု ရှိရာတွင် ညောင်ဦးနှင့်ပုဂံသည် Monument Zone(MZ)ထဲတွင်ရှိပြီး MZ အတွင်းမှ Protective Zone(PZ)ထဲသို့ ပြောင်းဆွဲလိုက်မည်ဆိုပါက ပုဂံနှင့်ညောင်ဦးတို့၏ ရပ်တည်မှုသည် ပိုမိုခိုင်မာလာမည်ဖြစ်ပြီး မြို့သူမြို့သားများအနေဖြင့်လည်း စိုးရိမ်ပူပန်ကြောင့်ကြမှုကင်းကင်းဖြင့် ဆက်လက်ရှင်သန်နိုင်မည်ဖြစ်ကြောင်း သိရသည်။

MZ နှင့် AZ ထဲတွင် ဆောက်လက်စဟိုတယ် ၂၅ လုံး၊ မဆောက်ရသေးသည့် ဟိုတယ် ၁၇ လုံးရှိပြီး ဆောက်လက်စဟိုတယ်ကို သတ်မှတ်ထားသည့်အမြင့်ပေ ၃၀ မကျော်ရန်နှင့် ရှေးဟောင်းအဆောက်အအုံများနှင့် ပေ ၁၂၀ အကွာ အပြင်ဘက်တွင်ရှိပါက ဆက်လက်ဆောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ မဆောက်ရသေးသည့် ဟိုတယ် ၁၇ လုံးကို ဆက်မဆောက်ရန်နှင့် ဟိုတယ်ဇုန်သီးသန့်သတ်မှတ်မည်ဖြစ်ကြောင်း၊ ဟိုတယ်ဇုန်ကိုလည်း MZ၊ AZ တို့နှင့် ငါးကီလိုမီတာအကွာတွင် သတ်မှတ်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောကြားခဲ့သည်။

**(နိုင်လင်းကြည်)**

# မန္တလေးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်

**မန္တလေး မေ ၁၅**

ယခုရက်ပိုင်းအတွင်း အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်လာခြင်းကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိရာ မန္တလေးမြို့၌လည်း မေ ၁၄ ရက် ည ၁၀ နာရီခန့်မှ ၁၅ ရက် နံနက် ၃ နာရီခန့်အထိ မိုးရေချိန် ၂ ဒသမ ၄၀ လက်မကျော် ရွာသွန်းခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

"မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေနဲ့ မန္တလေးမှာ ၂၄ နာရီအတွင်း ရွာတဲ့မိုးရေချိန်က ၁ လက်မခွဲကျော်ရင် မိုးကြီးတယ်လို့ သတ်မှတ်နိုင်တယ်။ အခုက နာရီပိုင်းအတွင်းကို နှစ်လက်မကျော်တော့ မိုးရွာတာတော်တော်များတယ်လို့ ပြောလို့ရတယ်။ မေလအပူချိန်ကလည်း စံချိန်တင်လောက်အောင် မပူသေးပါဘူး" ဟု ၎င်းကဆက်လက်ပြောကြားသည်။

မိုးရွာသွန်းမှုများသည် မြန်မာနိုင်ငံအထက်ပိုင်းတွင် လေထုမငြိမ်သက်ခြင်း၊ အနောက်လေပွေလှိုင်းများကြောင့် မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ စိုက်ဆင်းလေပြင်းများ တိုက်ခတ်ခြင်း စသည်တို့ကြောင့် မိုးရွာသွန်းခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးကြီးရွာသွန်းမှုကြောင့် မန္တလေးမြို့ပေါ်ရှိ အချို့မြို့နယ်၊ ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့် (၇၈) လမ်းနှင့်လမ်း(၃၀)တို့တွင် လမ်းမပေါ်ရေများ တစ်ပေခွဲကျော်အထိ မြင့်တက်ခဲ့ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ (သန့်ရှင်းရေးဌာန)က လူအင်အား စက်ယန္တရားများ အသုံးပြု၍ ယနေ့နံနက်ပိုင်းတွင် အင်အားပြည့်သုံးကာ ရေစီးဆင်းမှု ကောင်းမွန်စေရေးအတွက် ရေထွက်ပေါက်များတွင် ပိတ်ဆို့နေသော အမှိုက်များကို ဖယ်ရှားခြင်း၊ ရွှံ့တစ်ချောင်းနှင့် ငွေတစ်ချောင်း မြောင်းများတွင် စက်ယန္တရားများကို အသုံးပြု၍ မြောင်းဆယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွက် နံနက်ပိုင်းတွင်ပင် မန္တလေးမြို့အတွင်း ရေများ ပြန်လည် ကျဆင်းသွားကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ(သန့်ရှင်းရေးဌာန)မှ ဌာနခွဲမှူး ဦးစိုးတင့်အောင်က ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**






# အမေများနေ့ဂုဏ်ပြုပွဲ ကျင်းပ

**ရန်ကုန် မေ ၁၅**

အမေများနေ့ အထိမ်းအမှတ် ဂုဏ်ပြုပွဲကို မေ ၁၄ ရက် ညနေပိုင်းက ရန်ကုန်မြို့ Capital Hypermarket တွင် ကျင်းပသည်။

အမေများနေ့အား ဂုဏ်ပြုသောအနေဖြင့် Mother's Choice & Mom's Choice မှ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အမေအိုများအား ဈေးဝယ်ခွင့်ကတ်များ လက်ဆောင်ပေးအပ်ကာ မိမိလိုအပ်သည်များကို Capital Hypermarket တွင် စိတ်တိုင်းကျပျော်ရွှင်စွာ ဈေးဝယ်နိုင်စေရန် စီစဉ်ပေးခဲ့သည့်အပြင် နှင်းဆီကုန်းဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်နှစ်သိန်း၊ အမေများအဖွဲ့ အိမ်ရာလူမှုရေးရန်ပုံငွေအတွက် အလှူငွေကျပ် သုံးသိန်းနှင့် ဒေါ်နွဲ့နွဲ့စမ်းအမေများအဖွဲ့သို့ အလှူငွေကျပ် နှစ်သိန်းကို လှူဒါန်းခဲ့ပြီး Grand Wynn Group of Companies ဝန်ထမ်းများက ဆံပင်ညှပ်ပေးခြင်း၊ ပြုပြင်ပေးခြင်း၊ ခြေသည်း၊ လက်သည်းညှပ်ပေးခြင်း၊ Mother's Choice မှ ပြုလုပ်ခဲ့သည့် အနန္တဂိုဏ်းဝင်မိခင်၏ ကျေးဇူးနှင့် မေတ္တာတရားကို ဖော်ညွှန်းသော မိခင်မေတ္တာမိသားစု ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးမင်းသူ(ကြေးမုံ)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

## ပြည်တွင်းရေးရာ

**✻ စွန့်ပစ်စပါးခွံလောင်စာမှ**

တောင်သူများနှင့် အကျိုးတူ ကန်ထရိုက် လယ်ယာစနစ်သည် မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများ ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်သကဲ့သို့ သီးနှံပေါ်ချိန်တွင် တွက်ခြေကိုက်ပြီး အကျိုးအမြတ်ပိုမိုရရှိနိုင်သည့် အာမခံဈေးကွက်နှင့် အာမခံဈေးနှုန်းကို ရရှိလာမည်ဖြစ်ပါကြောင်း။

စက်မှုလယ်ယာ အငှားလိုက်ဝန်ဆောင်မှုများ၊ သီးနှံအရည်အသွေး ကောင်းမွန်ရေးအတွက် အဆင့်မြင့်သိုလှောင်ရုံနှင့် အခြောက်ခံစက်များ၊ တန်ဖိုးမြင့်ထွက်ကုန်ဖြစ်စေရန်အတွက် ခေတ်မီ ကြိတ်ခွဲသန့်စင်ထုပ်ပိုးစက်များသည်လည်း မဖြစ်မနေ ထည့်သွင်းဆောင်ရွက်သွားကြရမည့် လုပ်ငန်းစဉ်များပင်ဖြစ်ပါကြောင်း၊ မြန်မာ့လယ်ယာထွက်ကုန်များအတွက် နိုင်ငံတကာဈေးကွက်ဝေစု ပိုမိုရရှိရန်အတွက်လည်း နိုင်ငံတော်အနေဖြင့် အထူးကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် တောင်သူလယ်သမားများ၏ စိုက်ရေး၊ ပျိုးရေးတွင် အထောက်အပံ့ဖြစ်စေရန် စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာမှ အတိုးနှုန်းသက်သာသည့်ချေးငွေများရယူပြီး လယ်ယာကဏ္ဍအတွက် ကာလတို၊ ကာလလတ်၊ ကာလရှည်ချေးငွေများပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်နစ်နာမှုများ ခံစားခဲ့ကြရသည့် တောင်သူများကိုလည်း ပျက်စီးသွားသည့် သီးနှံများပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန်နှင့် တာတမံများနှင့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်နိုင်ရန် သဘာဝဘေးသီးသန့်ရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

ယခုကဲ့သို့ လျှပ်စစ်စွမ်းအင်ကို စွန့်ပစ်စပါးခွံလောင်စာအသုံးပြုပြီး ရယူထုတ်လုပ်ခြင်းသည် ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းပေးရာ ရောက်သကဲ့သို့ စပါးခွံများစွန့်ပစ်၊ မီးရှို့မှုကြောင့်ဖြစ်ပေါ်လာသည့် ရေထု၊ လေထုညစ်ညမ်းမှုကို လျော့ကျစေသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာလည်း ရောက်စေပါကြောင်း။

ထို့ပြင် ဆန်စက်အတွက် အသုံးပြုပြီးပိုလျှံသည့် လျှပ်စစ်ဓာတ်အားကို အနီးပတ်ဝန်းကျင်ဒေသခံပြည်သူများအတွက်ပါ ဖြန့်ဖြူးပေးနိုင်သည့်အတွက် ပြည်သူလူထုအကျိုးစီးပွားကို တိုးမြှင့်ဖော်ဆောင်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။

လယ်ယာကဏ္ဍကို မှီတည်လုပ်ကိုင်နေကြသည့် တောင်သူလယ်သမားများ၊ လယ်ယာထွက်ကုန်နှင့် ဆက်စပ်သည့် ကုန်သည်ပွဲစားလုပ်ငန်းရှင်များ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကြိုးပမ်းနေသည့် ပုဂ္ဂလိကအသင်းအဖွဲ့များအားလုံးအနေဖြင့် ဈေးကွက်ဝင်အရည်အသွေးမြင့်လယ်ယာထွက်ကုန်များ ပိုမိုထွက်ရှိအောင်၊ ပြည်ပပို့ကုန်တန်ဖိုးတိုးမြှင့်ရရှိအောင် ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းလိုကြောင်း ပြောကြားသည်။



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖျာပုံမြို့ အေးမြသာယာပန်းဥယျာဉ်နေရာမှ ရေတိုက်စားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ခေတ်မီဆန်စက်နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကာ စပါးခွံသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရခြင်းနှင့်စပ်လျဉ်းပြီး အိန္ဒိယနိုင်ငံ Lucky Export Co မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖွဲ့နုဆီစက်ထုတ်လုပ်ခြင်းနှင့် တင်ပို့ရောင်းချခြင်းအတွက် အကျိုးတူပူးပေါင်းရန် Myanmar Agribusiness public Corporation Ltd မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းအောင်နှင့် Fukuoka Seiyu Co.,Ltd ဥက္ကဋ္ဌ Katsuyasu Aoyagi တို့က MoU လက်မှတ်ရေးထိုးပြီး အကျိုးတူကန်ထရိုက် လယ်ယာစနစ်အရ ဆောင်ရွက်မည့် မျိုးစပါး ဧက ၆၀၀ နှင့် အရည်အသွေးမြင့်စပါး ဧက ၅၅၀၀ စိုက်ပျိုးရန် စိုက်ပျိုးစရိတ်၊ မျိုး၊ သွင်းအားစုနှင့် ရိတ်သိမ်းစရိတ်များအတွက် ငွေကျပ် ၁၂၂၅ သိန်းအား ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံနှင့် ဘိုကလေးမြို့နယ်များမှ ကျေးရွာတောင်သူ ၁၈၅၀ ထံ ကိုယ်စားလှယ်များမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတက ဆန်စက်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒေသခံတောင်သူများကိုယ်စား တောင်သူသုံးဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ခေတ်မီတန် ၂၄၀ ဆန်စက်၊ တန် ၂၀၀ ပေါင်းဆန်စက်၊ တန် ၅၀၀ သိုလှောင်ရုံလေးလုံး၊ အခြောက်ခံစက်များနှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အား ၂ ဒသမ ၂ မဂ္ဂါဝပ် ထုတ်စက်တို့သည် မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ စီမံကိန်းပထမအဆင့်ဖြစ်ပြီး စီမံကိန်းဒုတိယအဆင့်အနေဖြင့် ဖွဲ့နုဆီစက်၊ တိရစ္ဆာန်အစားအစာစက်များ၊ ဆန်မှုန့်နှင့် ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံ ထုတ်လုပ်ရေးစက်များကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျိုက်လတ်မြို့ရှိ ၂၃၀ ကေဗွီ ကျိုက်လတ်ပင်မဓာတ်အားခွဲရုံသို့ သွားရောက်ရာ ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန တာဝန်ရှိသူက ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့တွင် တည်ဆောက်နေသည့် ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်ရန် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းဆောင်ရွက်ရန် မှာကြားကာ ကျိုက်လတ်ပင်မဓာတ်အားခွဲရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ကျိုက်လတ်မြို့မှ ဖျာပုံမြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ပြီး ဖျာပုံမြို့ ဆိပ်ကမ်းသာဈေး မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုနှင့် ပန်းခြံအနီး ကမ်းပြိုမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူက မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုကို ကာကွယ်နိုင်ရန် လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများကို မိုးမကျမီ အချိန်မီ ပြီးစီးနိုင်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဖျာပုံမြို့ ဆိပ်ကမ်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုအတွက် ကမ်းထိန်းလုပ်ငန်းများ အလျားပေ ၁၆၀၊ ကွန်ကရစ်ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**




**ဖွဲ့နုဆီစက်ထုတ်လုပ်ခြင်းနှင့် တင်ပို့ရောင်းချခြင်းအတွက် အကျိုးတူပူးပေါင်းရန် လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

**❖ ကျောဖုံးမှ**

ဒါကြောင့် ကျွန်တော်တို့လည်း အင်မတန်အရေးကြီးတဲ့ စီမံကိန်းဖြစ်တဲ့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

အဆိုပါစီမံကိန်းမှာ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနက် သုံးနှစ်အတွင်း အငြိမ်းစားယူမည့် ဝန်ထမ်းများကို ဦးစားပေးအလိုက် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ၎င်းဝန်ထမ်းများ အငြိမ်းစားယူသွားပါကလည်း ပေးသွင်းရန် ကျန်ရှိသည့် အိမ်ရာဖိုးငွေများကို သား၊ သမီးများက ဆက်လက်ပေးချေနိုင်ခွင့်ကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအိမ်ရာများကို အကျယ်အဝန်းနှင့် တန်ဖိုးအလိုက်ဈေးနှုန်းများ သတ်မှတ်ထားရာ စတုရန်းပေ ၄၀၀ အကျယ်တစ်ခန်းလျှင် သိန်း ၉၀၊ စတုရန်းပေ ၅၀၀ အကျယ် တစ်ခန်းလျှင် ၁၁၅ သိန်း၊ စတုရန်းပေ ၆၀၀ အကျယ် တစ်ခန်းလျှင် သိန်း ၁၄၀၊ စတုရန်းပေ ၇၅၀ အကျယ် တစ်ခန်းလျှင် သိန်း ၁၇၀ နှင့် စတုရန်းပေ ၉၀၀ အကျယ် တစ်ခန်းလျှင် သိန်း ၂၀၀ သတ်မှတ်ထားပြီး ငွေပေးချေမှုအား ငါးနှစ်၊ ရှစ်နှစ်၊ ၁၀ နှစ် ၁၂ နှစ်နှင့် ၁၅ နှစ် စသည်ဖြင့် အရစ်ကျငွေပေးချေဝယ်ယူနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့ ရုရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် မေ ၁၅**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့သည် ရုရှားသမ္မတနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ မေ ၁၅ ရက်မှ ၁၉ ရက်ထိ ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏တရားမျှတမှု၊ တရားစီရင်မှုဆိုင်ရာ မူသဘောနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာညီလာခံသို့ တက်ရောက်ရန်အတွက် ယနေ့ နံနက် ၁ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ထွက်ခွာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အတူ အဖွဲ့ဝင်အဖြစ် ခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မန္တလေးမြို့တွင် ဝန်ထမ်းများနှင့် အငြိမ်းစားများအတွက် ရောင်းချပေးခဲ့သည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများကို တွေ့ရစဉ်။**

# ပြည်နယ်ငြိမ်းချမ်းရေးအတွက် မွန်စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ကတိပြုလက်မှတ်ရေးထိုး



**မော်လမြိုင် မေ ၁၅**

မွန်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဘဝ တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်သွားရန် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များက မေ ၁၃ ရက်တွင် မော်လမြိုင်မြို့၌ ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ "B4P" အခမ်းအနားတွင် ကတိပြုလက်မှတ်ရေးထိုးခဲ့ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

ပြည်နယ် ငြိမ်းချမ်းရေးတွင် ပူးပေါင်းဆောင်ရွက်ရန် ကတိကဝတ်ပြုသည့် စာချွန်လွှာကို မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ် ဦးဝင်းရှိန်နှင့် United Nations Global Compact Network Myanmar ၏ ဥက္ကဋ္ဌ ဒေါက်တာအောင်ထွန်းသက်တို့က မော်လမြိုင်မြို့ရှိ ရွှင်ရယ်ဟဲသ်ာဟိုတယ်တွင် ရေးထိုးခဲ့ခြင်းဖြစ်ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်တို့ပါဝင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေးထိုးခဲ့သည့် စာချွန်လွှာအရ စီးပွားရေးလုပ်ငန်းများ အနေဖြင့် တာဝန်သိသော၊ တာဝန်ကျေသော လုပ်ငန်းများအဖြစ် ရပ်တည်သွားခြင်းဖြင့် ဒေသတွင်းလူမှုစီးပွားဘဝ ငြိမ်းချမ်းရေးကို လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း၊ တာဝန်ကျေသော လုပ်ငန်းများဆိုသည်မှာ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သော၊ ဝန်ထမ်းရေးရာ ဥပဒေများအား လေးစားလိုက်နာသော၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်သော၊ အကျင့်ပျက်ခြစားမှုကို အားမပေး ရှောင်ကြဉ်သော လုပ်ငန်းများဖြစ်သည်ဟု United Nations Global Compact Network Myanmar (UNGC Network Myanmar) ၏ ဥက္ကဋ္ဌဖြစ်သူဒေါက်တာအောင်ထွန်းသက်က ပြောသည်။

"စီးပွားရေးလုပ်ငန်းတွေဆိုတာ အကျိုးအမြတ်အတွက် အလုပ်လုပ်ရသလို သဘာဝပတ်ဝန်းကျင်နဲ့ လူထုအတွက် အကျိုးဖြစ်စေတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ဖို့လည်း တာဝန်ရှိတယ်" ဟု ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ "Business for Peace-B4P" ကို မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်က ဧပြီ ၄ ရက်တွင် ရန်ကုန်မြို့၌ စတင်မိတ်ဆက်ခဲ့ပြီး မေ ၁၃ ရက်တွင် မော်လမြိုင်မြို့၌လည်းကောင်း၊ မေ ၁၄ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့၌ ကရင်လုပ်ငန်းရှင်များအား အသိပေးဖိတ်ခေါ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။

(၀၀၁)

# မြင်းခြံအကျဉ်းထောင်တွင် "အ" သုံးလုံးသင်တန်း စက်ပြင်သင်တန်းနှင့် မုန့်လုပ်နည်းသင်တန်းဆင်း

**မြင်းခြံ မေ ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အကျဉ်းထောင်အတွင်းတွင် ပြစ်ဒဏ်ကျခံနေသူများအား 'အ'သုံးလုံးသင်တန်းအမှတ်စဉ် (၂)၊ အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သော စက်ပြင်သင်တန်းအမှတ်စဉ် (၂)နှင့် မုန့်လုပ်နည်းသင်တန်းအမှတ်စဉ် (၁) တို့ကို ဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းဆင်းပွဲကို မေ ၁၄ ရက် နံနက်ပိုင်းက အကျဉ်းထောင်၏ သင်တန်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီအောင်က အမှာစကားပြောကြားခဲ့ပြီး မြင်းခြံအကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးက ယခုလိုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းမှာ ပြစ်ဒဏ်ကျခံနေသူများမှ စာမတတ်သူများအား သင်ကြားပေးခဲ့၍ ယခုအခါ ရေးတတ်၊ ဖတ်တတ်ပြီး စာဖတ်ခြင်းကြောင့် အသိပညာဗဟုသုတများရရှိကာ အမှား၊ အမှန်၊ အဆိုး၊အကောင်းတို့ကို သိရှိပြီး ဝေဖန်ပိုင်းခြားနိုင်စွမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ စက်ပြင်သင်တန်းတွင်လည်း ပြစ်ဒဏ်ကျခံပြီး လွတ်မြောက်သည့်အခါ သင်ကြားပေးလိုက်သည့်ပညာဖြင့် လုပ်ကိုင်စားသောက်နိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ မုန့်လုပ်နည်းသင်တန်းတွင် အမျိုးသမီးများကို အဓိကထား၍ သင်ကြားပေးခြင်းဖြစ်ပြီး အရင်းအနှီး အနည်းငယ်ဖြင့် လုပ်ကိုင်ရသော မြန်မာမုန့်များဖြစ်ပြီး တစ်ဖက်တစ်လမ်းမှ အိမ်၏စားဝတ်နေရေးကို အထောက်အကူဖြစ်နိုင်စေရန်ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် သင်ကြားပေးသည့် သင်တန်းဆရာများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ 'အ'သုံးလုံးသင်တန်းဆင်း အကျဉ်းသား၊ အကျဉ်းသူများက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တတ်မြောက်ထားသည့် စာဖတ်စွမ်းရည်များ၊ စာရေးစွမ်းရည်များကို ပြသခဲ့ကြသည်။ ထို့အတူ စက်ပြင်သင်တန်းနှင့် မုန့်လုပ်နည်းသင်တန်းများမှ သင်တန်းသား သင်တန်းသူတစ်ဦးစီကလည်း ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ 'အ'သုံးလုံးသင်တန်းအမှတ်စဉ် (၂)၊ စက်ပြင်သင်တန်းအမှတ်စဉ်(၂) နှင့် မုန့်လုပ်နည်းအမှတ်စဉ်(၁)သင်တန်းဆင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင်၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကျိုက်လတ်တွင် မြစိမ်းရောင်ကျေးရွာရွေးချယ်ပွဲ ပြုလုပ်

**ကျိုက်လတ် မေ ၁၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းကျေးရွာ ရွေးချယ်ဖွဲ့စည်းမှုအခမ်းအနားကို မေ ၁၁ ရက် နံနက်ပိုင်းက ကျိုက်လတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျိုက်လတ်မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျနှင့် ဦးဝင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ရွေးချယ်ဖွဲ့စည်းမှုအား ၂၀၁၆ ခုနှစ် မြစိမ်းရောင်စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံလျက် ပွင့်လင်းမြင်သာစွာရွေးချယ်ခဲ့ကြရာ ပတ္တာ၊ လေလံပင်၊ ကကရံလေး၊ လတာကြီး၊ ပျဉ်ထောင်စု၊ ဆိတ်ဖူးချောင်+ခနောင်၊ ကွင်းချောင်းကြီး၊ သရက်ငူအထက်၊ ရွှေလည်ရိုး+ကွမ်းခြံကုန်း၊ ထင်းကွင်း၊ခြောက်ပင်စသည့် ကျေးရွာယူနစ် ၁၁ ယူနစ်၊ ရွာပေါင်း ၁၃ ရွာတို့အား ကနဦးအတည်ပြုချက်အဖြစ် လျာထားသတ်မှတ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(၀၈၆)



ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ Sweet Child Baby & Children Clothing Store ၌ မေ ၁၄ ရက် မွန်းလွဲပိုင်းက အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ကေသီထွန်းက "နွေနှောင်းမိုးဝင်ကလေးများအတွက် မိခင်များက ပြုစုစောင့်ရှောက်ခြင်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။

(ကြေးမုံ)

# မြဝတီ-ကော့ကရိတ်အမြန်လမ်း၌ ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုတွင် သေဆုံးသူနှင့် ဒဏ်ရာရသူများအား သူတစ်ပါးထိခိုက်မှုအာမခံလျော်ကြေးငွေပေးအပ်

**မြဝတီ မေ ၁၅**

မြဝတီ-ကော့ကရိတ်အမြန်လမ်းမတွင် ဧပြီ ၂၈ ရက်က ကော့ကရိတ်ဘက်မှ မြဝတီသို့ မောင်းနှင်လာသည့် ဇရပ်ကြီး-တောင်ငူ-မြဝတီပြေးဆွဲနေသည့် ကပေါ်ထူးယာဉ်လိုင်းမှ ခရီးသည်တင် မှန်လုံယာဉ် တိမ်းမှောက်သွားခဲ့ရာ သေဆုံးသွားခဲ့သည့် ခရီးသည်များနှင့် ဒဏ်ရာရခရီးသည်များအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီ က မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက လျော်ကြေးငွေများပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုက လက်ခံရယူခဲ့သည်။ အဆိုပါ ကပေါ်ထူးယာဉ်လိုင်းမှ သေဆုံးသူ ၂၀ အတွက် တစ်ဦးလျှင် ဆယ်သိန်းနှုန်းဖြင့် ငွေကျပ် သိန်းနှစ်ရာအားလည်းကောင်း၊ ထိခိုက်ဒဏ်ရာရသူ ၂၀ အတွက် ငွေကျပ် ၂၆၅၆၀၀၀ အားလည်းကောင်း မြန်မာ့အာမခံလုပ်ငန်းမှ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အလားတူ ဧပြီ ၂၆ ရက်က ထိုင်းကားဖြင့် တိုက်မိ၍ သေဆုံးခဲ့သူ ဦးကျော်စိန်အောင်(ခ) ဦးကျော် ဇင်အောင်အား ငွေကျပ် ၁၀ သိန်းထပ်မံပေး အပ်ခဲ့ကြောင်းသိရသည်။




**ထိန်လင်းအောင်(မြန်/ဆက်)**

# ကျေးလက်လုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် မေ ၁၅**

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သော အရှည်ပေ ၄၃၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၈ လက်မရှိ ခွင့်ပြုရန် ပုံငွေကျပ် ၆၄ဒသမ၇၁သန်းဖြင့် ဇာနည်လျှမ်းကုမ္ပဏီမှ တင်ဒါအောင်မြင်သော ကတိုး-ကော့လှာကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မေလဒုတိယပတ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နိုင်သောင်းညွှန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင်၊ မော်လမြိုင်မြို့နယ် ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့် အင်ဂျင်နီယာအဖွဲ့များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင်၊ စိမ်းစိုလှပ ကြည်နူးရ၏။

# ရန်ကုန်ဒေသကောလိပ်(၂)နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်



**ရန်ကုန် မေ ၁၅**

ရန်ကုန်ဒေသကောလိပ်(၂)နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တို့တွင် ၁၉၇၆ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၄ ရက်က ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်း ၃၀၀ ကျော်ခန့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားဖြစ်မြောက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီ ခုနစ်ခုဖွဲ့စည်းခြင်း၊ ကော်မတီဝင်များ ရွေးချယ်အတည်ပြုခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ကျင်းပရန် ယာယီဆုံးဖြတ်ခဲ့ကြပြီး ပထမအကြိမ်လုပ်ငန်းဆပ်ကော်မတီများ အစည်းအဝေးကို မေ ၂၇ ရက်တွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပမည်ဖြစ်ကာ လုပ်အားပါဝင်ပူးပေါင်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

အလှူငွေလှူဒါန်းလိုသူများအနေဖြင့် ကမ္ဘောဇဘဏ် (ကမာရွတ်ဘဏ်ခွဲ) ငွေစာရင်းအမှတ်(၀၂၁ ၃၀၂ ၁၆၀၀၀ ၄၁၇၉၀၁)သို့ ပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားဖြစ်မြောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌအဖြစ် ကိုဝေဠု၊ ဒု-ဥက္ကဋ္ဌ(၁)အဖြစ် ပိန်ပိန်၊ ဒု-ဥက္ကဋ္ဌ(၂)အဖြစ် ကိုင်ဇာ၊ အတွင်းရေးမှူးအဖြစ် ကိုဇော်မြင့်တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကျင်းပရေးနှင့်စပ်လျဉ်း၍ ပြန်ကြားရေးတာဝန်ခံ ကိုဝင်းချိုက "အာစရိယပူဇော်ပွဲမှာ အသက်(၆၀)ပြည့်ပြီး အငြိမ်းစားယူသွားခဲ့တဲ့ ဆရာကြီး ဆရာမကြီးတွေကို ပူဇော်ကန်တော့သွားမှာဖြစ်ပါတယ်။ အာစရိယပူဇော်ပွဲကျင်းပမယ့်ရက်ကိုလည်း မိဘဖြစ်နေကြတဲ့ ကျောင်းသား ကျောင်းသူဟောင်းတွေ ကလေးတွေ ကျောင်းပိတ်ရက်ဖြစ်မယ့်၊ နိုင်ငံခြားရောက် ကျောင်းသား ကျောင်းသူဟောင်းတွေလည်း လာနိုင်မယ့်ရက်ဖြစ်တဲ့ ဒီဇင်ဘာလ နောက်ဆုံးပတ်ထဲမှာ ကျင်းပဖို့ လျာထားသတ်မှတ်ထားပါတယ်" ဟု ပြောသည်။

**(မောင်စော)**



# မုံရွာမြို့၌ အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့နှင့် သူနာပြုများနေ့(၂၀၁၇)အခမ်းအနား ကျင်းပ

**မုံရွာ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ သားဖွားဆရာမများ၊ သူနာပြုစုစုပေါင်း ၄၀၀ ကျော် စုပေါင်း၍ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ကို မေ ၁၄ ရက် နံနက်ပိုင်းက မုံရွာမြို့ ဒေါနခြံရပ် သားဖွားနှင့် သူနာပြုကျောင်းခန်းမ၌ ပြုလုပ်သည်။ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဖိတ်ကြားထားသူများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၀၁ ခုနှစ်တွင် ဖလောရင့်နိုက်တင်ဂေးလ်ဆုရ အငြိမ်းစား အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်သိန်းရီတို့ တက်ရောက်အမှာစကားပြောသည်။

"၁၉၉၅ ခုနှစ် ဧပြီ ၂ ရက် မွန်းလွဲ ၃ နာရီမှာ မိတ်ဆွေတစ်ဦးအိမ်မှာ အန္တရာယ်ကင်းပရိတ်တရားနာနေတုန်း မီး-မီးဆိုတဲ့အော်သံကြားလို့ အိမ်ဘက်ပြေးထွက်လာခဲ့ပါတယ်။ မီးလောင်နေတဲ့အိမ်ထဲမှာ ကလေးအော်သံကြားလို့ အိမ်ထဲပြေးဝင်ပြီး ကလေးငယ်ကို လက်ဆွဲပြေးထွက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မီးတွေပတ်လည်ဝိုင်းနေပါပြီ။ မီးလွတ်ရာရောက်တော့ ကျွန်မရော ကလေးပါ မီးအပူရှိန်ကြောင့် မီးလောင်ခံရတယ်။ ခြေထောက်၊ လက်၊ ညာဘက်နားရွက်တွေ မီးလောင်ခံရပါတယ်။ ဖောင်းပြင်စက်လှေအစုန်စောင့်ပြီး ၁၇ မိုင်ဝေးတဲ့ ဖောင်းပြင်ဆေးရုံကို ည ၈ နာရီ ရောက်ပါတယ်။ ဆေးရုံမှာအရေးပေါ် တစ်ပတ်ဆေးကုပြီး မုံရွာဆေးရုံကြီးမှာ နှစ်လလောက် ဆေးကုသခံခဲ့ရပါတယ်။ အနာအားလုံးကျက်သွားပေမယ့် အရေပြားတွေကွဲနေတာမို့ မြန်မာနိုင်ငံသူနာပြုအသင်းဥက္ကဋ္ဌက ခွဲစိတ်မှုခံယူဖို့အတွက်ခေါ်ခဲ့တဲ့အတွက် သုံးကြိမ်တိုင် ခွဲစိတ်ကုသခံခဲ့ရပါတယ်။ ဒီဆုကိုရဖို့ မမျှော်လင့်ခဲ့ပါဘူး။ ဟုမ္မလင်းမြို့နယ် သောင်သွပ်စံပြကျေးရွာမှာ နေပါတယ်"ဟု ဖလောရင့်နိုက်တင်ဂေးလ်ဆုရှင် ကျန်းမာရေးဆရာမ(ငြိမ်း)ဒေါ်သိန်းရီက ပြောသည်။

အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့နှင့် သူနာပြုများနေ့အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မုံရွာမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်နော်မီမီချွန်က သူနာပြုနှင့် သားဖွားအသင်းဗဟိုမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၀၁ ခုနှစ် ဖလောရင့်နိုက်တင်ဂေးလ်ဆုရရှိခဲ့သော အငြိမ်းစားကျန်းမာရေး ဆရာမ ဒေါ်သိန်းရီကို ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ ဆရာမကြီးကအမှတ်တရစကားပြောကြားသည်။ ယင်းနောက် သူနာပြုသစ္စာအဓိဋ္ဌာန်ကိုရွတ်ဆိုကြကာ Importance Of 1000 Days အကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။ "စည်းလုံးညီညွတ်မှု၊ ကျစ်လျစ်ခိုင်မာမှုတွေနဲ့အတူ အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် စည်းရုံးအကောင်အထည်ဖော်ထားနိုင်တဲ့ မြန်မာနိုင်ငံ သူနာပြုနဲ့သားဖွားအသင်းဟာ အခြားပြည်တွင်းလူမှုရေးအဖွဲ့တွေနည်းတူ နိုင်ငံတော်ရဲ့ အားထားရတဲ့ အင်အားစုဖြစ်တာကိုလည်း အလေးအနက်ပြောကြားလိုပါတယ်။ ၁၉၄၈ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ မြန်မာနိုင်ငံ သူနာပြုသားဖွားအသင်းကြီးဟာ အမျိုးသားကျန်းမာရေး စီမံချက်တွေ အကောင်အထည်ဖော်ဆောင်ရေး၊ ပြည်သူတွေရဲ့ ကျန်းမာရေးအဆင့်မြှင့်တင်ရေးစတဲ့ ကျန်းမာရေးပိုင်းလုပ်ငန်းစဉ်တွေနဲ့ယှဉ်တွဲပြီး လုပ်ငန်းအတွေ့အကြုံ၊ စည်းလုံးမှုအတွေ့အကြုံ၊ ပူးပေါင်းဆောင်ရွက်မှုအတွေ့အကြုံတွေ အများကြီးရခဲ့ပြီးဖြစ်တာကို လေ့လာသိရပါတယ်" ဟု လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စေတုတ္တရာမြို့နယ်တွင် ကျန်းမာရေးအသိပညာပေးဟောပြော

**မကွေး မေ ၁၅**

မကွေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိမိစိုးသည် မေ ၆ ရက်က စေတုတ္တရာမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့်အတူ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ သက်ကြီးရွယ်အို အဘိုး အဘွား လေးဦး၊ မသန်စွမ်းကလေးသုံးဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၁၅ ဦးတို့အား ငွေနှင့် ပစ္စည်းများထောက်ပံ့ပေးခြင်းတို့ကို စေတုတ္တရာမြို့ မိုးကုတ်ရိပ်သာဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အမှတ်(၁)ရပ်ကွက် လေးထပ်တောင်ကျောင်း ဘုန်းတော်ကြီးကျောင်းဝိုင်းအတွင်းရှိ မြေကွက်လပ်ကွင်းပြင်တွင် စကားဝိုင်းကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိမိစိုးက ပျိုရွယ်သူကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ၍ မြို့နယ်ဥပဒေအရာရှိက လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး စေတုတ္တရာမြို့နယ် အမှတ်(၁/၂)ရပ်ကွက်ရှိ အသက်(၉၀)ကျော် သက်ကြီး အဘိုး အဘွား နှစ်ဦး၏ နေအိမ်သို့သွားရောက်၍ ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# အင်းစိန်မြို့မဈေးကြီးရှေ့၌ ယာဉ်ကြောရှင်းလင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေး အသိပညာပေး

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့မဈေးကြီးရှေ့နှင့် လှိုင်မြစ်လမ်းမကြီး၌ ယာဉ်ကြောရှင်းလင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအသိပညာပေး ရှင်းလင်းခြင်းနှင့် စည်းကမ်းထိန်းသိမ်းရေး၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို မေ ၁၂ ရက် မွန်းလွဲပိုင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ယာဉ်ကြောရှင်းလင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပညာပေးခြင်းကာလဖြစ်သည့် မေ ၈ ရက်မှ ၁၄ ရက်အထိ သတ်မှတ်ထားပြီး ပညာပေးကာလကျော်လွန်သော မေ ၁၅ ရက်မှ စတင်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကော်မတီထံမှ သိရသည်။

အင်းစိန်မြို့မဈေးကြီးရှေ့ လှိုင်မြစ်လမ်းသည် အများပြည်သူဆိုင်ရာလမ်းဖြစ်သောကြောင့် ဈေးရောင်းချခွင့်မရှိသော နေရာဖြစ်ပြီး လှိုင်မြစ်လမ်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်စေရေး၊ လမ်းသွားလမ်းလာ ပြည်သူများ အနှောင့်အယှက်မဖြစ်စေရေးအတွက် လမ်းသားပေါ်တွင် လည်းကောင်း၊ လူသွားစင်္ကြံပလက်ဖောင်းများပေါ်တွင် လည်းကောင်း ဈေးရောင်းချခြင်းမပြုရန် ယာဉ်ကြောရှင်းလင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီတွင် အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ တပ်ဖွဲ့စုမှူး အမှတ်(၆၉) ယာဉ်ထိန်းတပ်ဖွဲ့စု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးတာဝန်ခံများ ပါဝင်သော ပူးပေါင်းအဖွဲ့များက ပြည်သူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ခရီးသွားပြည်သူများ၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်မရှိစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ယာဉ်မောင်းသူများအားစုစည်း၍ လိုက်နာရမည့် စည်းကမ်းချက်များကို အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**(၆၈၄)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆၉ စီး၊ သွင်းကုန် ၄၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၈၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၉၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၈၅၄၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၇၅၄၅ သန်းခန့်)အား သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၂ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် မော်တော်ဆိုင်ကယ်နှစ်စီးအား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ဘိန်းဖြူဟု ယူဆရသည့် အဖြူရောင်အမှုန့် (12) g တစ်ထုပ်၊ 88 နှင့် 1၊ စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၅၅၀ နှင့် သယ်ဆောင်သည့် မော်တော်ဆိုင်ကယ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၇၂၈ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း



**ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့် (12)g တစ်ထုပ်၊ 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများနှင့် သယ်ဆောင်သည့် မော်တော်ဆိုင်ကယ်များအား တွေ့ရစဉ်။**

# ဘူးသီးတောင်မြို့နယ်၌ ပေါက်ကွဲမှုဖြစ်ပွားသောနေရာမှ အလောင်းငါးလောင်း တူးဖော်တွေ့ရှိ

**နေပြည်တော် မေ ၁၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၁၃ ရက်က သဲနီကျေးရွာ၏အနောက်မြောက်ဘက် တောင်ခြေရင်း၌ တူးဖော်စစ်ဆေးခဲ့ရာ အလောင်းများ တူးဖော်တွေ့ရှိရကြောင်း သိရသည်။

မေ ၅ ရက် ညနေ ၄ နာရီခွဲခန့်က ဘူးသီးတောင်မြို့နယ် သဲနီကျေးရွာ၏ အနောက်ဘက်တောစပ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးအတွက် ကင်းလှည့်ဆောင်ရွက်ခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သောနေရာကို မေ ၇ ရက် မွန်းလွဲ ၁ နာရီခွဲကတွေ့ရှိခဲ့ပြီး တောစပ်ပတ်ဝန်းကျင်တွင် ယာယီတဲဆောက်လုပ်နေထိုင်ခဲ့သည့် နေရာနှစ်နေရာ၌ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် ယမ်းနံ့များရရှိသဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သောနေရာမှန်ကန်ကြောင်း စစ်ဆေးသိရှိရ၍ သေဆုံးသူ၊ ဒဏ်ရာရရှိသူများနှင့် ပါဝင်ပတ်သက်သူများအား ဆက်လက်စုံစမ်းခဲ့ကြောင်း သိရသည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၁၃ ရက် ညနေပိုင်းတွင် သဲနီကျေးရွာ၏ အနောက်မြောက်ဘက် တောင်ခြေရင်း၌ တူးဖော်စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား အလောင်းနှစ်လောင်းနှင့် တင်းမေ (၃)ရပ်ကွက်နေ မော်လဝီအဒူကော်ရိန်၊ ကျောင်းတောင် အလယ်ရွာနေ မော်လဝီယာဆိမ့်နှင့် စာကိုင်းကျေးရွာနေ ဇူပိုင်တို့ သုံးဦးအား တူးဖော်တွေ့ရှိခဲ့သဖြင့် ဘူးသီးတောင်ဆေးရုံသို့ ပို့အပ်ခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေးစီစဉ်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# တောဆင်ရိုင်းအမတစ်ကောင်အား တူမီးသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သူနှစ်ဦးအား အရေးယူ

**သာယာဝတီ မေ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနမှ မေ ၁၃ ရက် မွန်းလွဲ ၂ နာရီက တောအုပ်ဦးတင်ဦး၊ တောခေါင်းဦးစန်းယုခင်၊ သာယာဝတီမြို့မရဲစခန်းမှ ဒုရဲအုပ်ပြည့်ဖြိုးအောင်၊ သုံးဆယ်ဆည်ရဲကင်းမှူး ဒုရဲအုပ်ဌေးဝင်း၊ ရဲဒုတပ်ကြပ်ဝင်းဇော်ဦးနှင့် အဖွဲ့ဝင်များက သာယာဝတီမြို့နယ် လှည်းလမ်းကူးအုပ်စု သုံးဆယ်ဆည်အတွင်း



သုံးဆယ် ကြိုးဝိုင်းအကွက် အမှတ်(၄၃) ဒေသအခေါ် အဝေါ် ရေသောက်ချောင်းဖျားတွင် ဆင်လိုက်မုဆိုးအဖွဲ့ ရောက်ရှိနေကြောင်း သတင်းအရရှာဖွေရာ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ကံမမြို့နယ် သာစည်အုပ်စု စမ်းကျေးရွာနေသူများဖြစ်သော သန်းဇော်ဦး (၂၃) နှစ်၊ ဦးအောင်ရာ (၄၃)နှစ်တို့ နှစ်ဦးအား ပိန်အိတ်ဖြင့် ထည့်ထားသော ဆင်သားရေချပ် ခြောက်အိတ် (ပိဿာ ၇၀ ဒသမ ၅၀ ခန့်)နှင့်အတူ ဖမ်းဆီးရမိပြီး ဆက်လက်ရှာဖွေစစ်ဆေးရာ သန်းဇော်ဦးထံမှ တူမီးလုပ်သေနတ်ပြောင်းအရှည် ၁၆ လက်မခန့်ရှိ သံပြောင်းသုံးခု၊ အရှည် ၁၉ လက်မခန့်ရှိ သစ်သားပြောင်းကာ တစ်ခု၊ ပင်နီဆီလင်ဆေးပုလင်းခွံဖြင့်ထည့်ထားသော မြားဆိပ် ခုနစ်ပုလင်း၊ အရှည် ၁၄ လက်မခန့်ရှိ သံကျားလျှာတစ်ခု၊ တူမီးလုပ်သေနတ်အတွင်းထည့်ပစ်သည့် သံဘောစိ နှစ်လုံး၊ ကန့်အမှုန်များထည့်သည့် ဆေးထိုးပိုက်တစ်ချောင်း၊ လေးလက်မခန့်ရှိ ပလတ်စတစ်ဘူးအတွင်း ယမ်းမှုန့်တစ်ဝက်၊ ဦးအောင်ရာထံမှ အရှည် လက်မ ၂၀ ခန့်ရှိ တူမီးလုပ်သေနတ်သစ်သားဒင်တစ်ခု၊ အရှည်၂၁ လက်မခန့်ရှိ သစ်သားပြောင်းကာတစ်ခု၊ အရှည် လက်မ ၂၀ ခန့်ရှိ သံပြောင်းတစ်ခု၊ ၂၁ လက်မခန့်ရှိသံပြောင်းတစ်ခု၊ ခဲသီးသုံးလုံး၊ အဆိပ်ဓာတ်ပါသစ်ဥ လေးခုတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးအောင်ရာနှင့် သန်းဇော်ဦးတို့အား သာယာဝတီမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**



# မီးရထားနှင့် ထော်လာဂျီယာဉ် တိုက်မိမှုဖြစ်ပွား

**သာယာဝတီ မေ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ ဆရာစံ မြို့သစ်ရပ်ကွက် အောင်သုခလမ်း မီးရထားခုံးကျော်လမ်း၌ မေ ၁၅ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က ဆရာစံမြို့သစ်ဘက်မှ ရန်ကုန်-ပြည်ကားလမ်းဘက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ)မောင်းနှင်လာသော ထော်လာဂျီ (အပြာရောင်)မှာ မီးရထားလမ်းအား ဖြတ်ကူးစဉ် ရထားလမ်းပေါ်အရောက် ထော်လာဂျီစက်ရပ်သွားပြီး ပြည်မှ ရန်ကုန်ဘက်သို့ စက်ခေါင်းမောင်း ဦးဌေးဝင်း မလွှကုန်းမီးရထားဝင်းနေသူ မောင်းနှင်ပြီး ရထားထိန်း ဦးရဲနိုင် မလွှကုန်းမီးရထားဝင်းနေသူတို့ လိုက်ပါမောင်းနှင်လာသော စက်ခေါင်းအမှတ် DF-2016 စက်ခေါင်းပါတွဲ (၁၂)တွဲမီးရထားဖြင့် ဝင်ရောက်တိုက်မိခဲ့ပြီး မီးရထားမှာ ပျက်စီးဆုံးရှုံးမှုမရှိဘဲ နံနက်၁၀ နာရီခန့်တွင် ရန်ကုန်ဘက်သို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ သုံးဆယ်နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းဇော်ဦး ဦးစီးတပ်ဖွဲ့ဝင်များ၊ သုံးဆယ်မြို့ အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင် ဦးစီးအုပ်ချုပ်ရေးအဖွဲ့များရောက်ရှိလာပြီး စုံစမ်းမေးမြန်းရာ ထော်လာဂျီမောင်းနှင်လာသူမှာ ထော်လာဂျီပေါ်မှ ခုန်ချ ထွက်ပြေးသွားကြောင်း သိရှိရပြီး ထော်လာဂျီပိုင်ရှင်နှင့် ယာဉ်မောင်းတို့အား အမြန်ဆုံးဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မီးရထားတာဝန်ရှိသူများက အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ထော်လာဂျီယာဉ်မှာ ပျက်စီးခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

သစ်ပင်ခုတ်လှဲ မစိုက်ဘဲ
တောလည်းမရှိ ခဲအတိ
အပူလွန်ကဲ ချောင်းခြောက်ထဲ
ရေလည်းမရှိ သဲအတိ

# ပင်လယ်ပြင်စက်လှေပေါ်တွင် ဓားခုတ်မှုဖြစ်ပွား

**ဟိုင်းကြီးကျွန်း မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာအုပ်စု ကျားတန်း(၁)ရပ်ကွက် ရှေ့ရှိ ပင်လယ်ပြင်တွင် မေ ၁၅ ရက် နံနက်ပိုင်းက ဓားခုတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကံချိုင်ကျေးရွာအုပ်စု ကျားတန်း(၁)ရပ်ကွက်တွင် နေထိုင်၍ ရေလုပ်ငန်းလုပ်ကိုင်လျက်ရှိသော မင်းထိုက်(၃၀)သည် ဇော်ဇော်၊ မိုးဝင်း၊ ဝင်းထွန်းတို့နှင့် ယမန်နေ့က ရန်ဖြစ်စကားများထားခဲ့ကြောင်း၊ အခင်းဖြစ်သည့်နေ့တွင် မင်းထိုက်သည် စက်လှေပေါ်တွင်ရှိနေစဉ် ဇော်ဇော်၊ မိုးဝင်း၊ ဝင်းထွန်းတို့သုံးဦးက ရှာပြန်ဦးမည်ဟုဆို၍ ၎င်းတို့စက်လှေဖြင့် မောင်းလာပြီး မင်းထိုက်ရှိရာစက်လှေသို့ လေးခွများဖြင့်ပစ်ခတ်ပြီးနောက် မင်းထိုက်ရှိရာ စက်လှေပေါ်သို့ကူးလာကာ ဓားဖြင့်ခုတ်ခြင်း၊ တုတ်ဖြင့်ရိုက်ခြင်းများပြုလုပ်နေ၍ မင်းထိုက်၏ ယောက္ခမဖြစ်သူက စက်လှေဖြင့်လိုက်လာသဖြင့် ၎င်းတို့၏ စက်လှေပေါ်သို့တက်၍ မောင်းပြေးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် မင်းထိုက်မှာ ဦးခေါင်းနှင့် ယာဘက်နားနောက်တွင် ပြတ်ရှဒဏ်ရာများ၊ ဝဲမျက်လုံးအောက်မျက်ခမ်း ပေါက်ပြဲပြီး မျက်လုံးဖူးရောင် ညိုမည်းဒဏ်ရာ၊ ဝဲဘက်လက် နာကျင်ဒဏ်ရာများရရှိကာ ဟိုင်းကြီးကျွန်းမြို့တိုက်နယ်ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသလျက်ရှိကြောင်း၊ ဓားခုတ်မှုတွင်ပါဝင်နေသော တရားခံများမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး နီးစပ်ရာရဲစခန်းများနှင့် ဆက်သွယ်၍ အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း ဟိုင်းကြီးကျွန်းရဲစခန်းမှ သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

■

# ငွေကြေးသာ အဓိက နေရာယူနေပြီဖြစ်တဲ့ ဘောလုံးလောက

မေလွဲ့သင်း - ရေးသားသည်

ဘွတ်ဘောလိဒ်စ်ရဲ့ ထုတ်ဖော်ချက်တွေအရ ငွေကြေးနောက်လိုက်နေကြတဲ့ကစားသမားတွေ၊ ကစားသမားတွေကို ငွေကြေးပြစေခိုင်းနေတဲ့ စီးပွားရေးသမားတွေအကြောင်း ပိုပြီးသိလာရတာကြောင့် ဘောလုံးလောကဟာ ငွေကြေးအတွက် လည်ပတ်နေတဲ့ အဓိကရပ်ဝန်းကြီးလိုဖြစ်နေတယ်ဆိုတာ ပိုမိုထင်ရှားသထက် ထင်ရှားလာခဲ့ပါပြီ။ ကစားသမားတစ်ဦးရဲ့ ကြွယ်ဝမှုတွေ၊ နည်းပြတွေရဲ့ပိုင်ဆိုင်မှုတွေ လုပ်ခလစာတွေဟာ ကမ္ဘာပေါ်မှ ဝင်ငွေကောင်းပါတယ်ဆိုတဲ့ ဆရာဝန်တွေ၊ ဥပဒေအကျိုးဆောင်တွေထက် အဆပေါင်းမြောက်မြားစွာများနေတာကလည်း အားကစားက ကမ္ဘာ့ပြည်သူတွေအပေါ် ဘယ်လောက်ထိ လွှမ်းမိုးနိုင်သလဲဆိုတာကို ထင်ရှားစေပါတယ်။ ဒါပေမယ့် ဒီလိုငွေကြေးနောက်ကွယ်မှာ အကျင့်ပျက်ခြစားမှုတွေ၊ လောင်းကစားဒိုင်တွေပါ ပါဝင်ပတ်သက်လာမှုကလည်း ချန်ထားလို့မရတဲ့အကြောင်းတွေ ဖြစ်နေပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်ကပဲ ပေ့ါဘာရဲ့ အေးဂျင့်ရှိုင်လိုလာရဲ့ အပြောင်းအရွှေ့နောက်ကွယ်ကနေ ကြိုးကိုင်ဖြစ်ပါတယ်။ ဒါကြောင့်လည်း စူပါလိဂ်ရဲ့ ပြုပြင်ပြောင်းလဲရေးစီမံချက်ဟာ ဥရောပထိပ်တန်းလိဂ်တွေအတွက် စိုးရိမ်စရာပဲဆိုတာကို နာမည်ကြီး နည်းပြအတော်များများကလည်း လက်ခံထားကြပါတယ်။ အရင်က စူပါလိဂ်ဆိုတာကို ဘယ်သူကမှ စိတ်မဝင်စားခဲ့ပေမယ့် ခုတော့ သူတို့ရဲ့ ဈေးကွက် ကိုင်လှုပ်မှုတွေ၊ နှစ် ၃၀ အတွင်း ကမ္ဘာ့ဖလားရအောင်ကြိုးပမ်းမယ်ဆိုတဲ့ တရုတ်နိုင်ငံရဲ့ အဆက်မပြတ်ကြွေးကြော်တဲ့ အသံတွေဟာ ကမ္ဘာ့မီဒီယာစာမျက်နှာတွေထက် လျှံတက်လာပါတယ်။ ဒါကြောင့် စူပါလိဂ်ဟာ အနာဂတ်မှာ မျှော်မှန်းထားတဲ့အတိုင်း ဖြစ်မဖြစ်မသေချာပေမယ့် လတ်တလောအချိန်မှာပဲ ကမ္ဘာ့ပရိသတ်အာရုံကို အတော်လေးရယူနိုင်ခဲ့တယ်ဆိုတာတော့ သေချာပါတယ်။

ကစားသမားတစ်ဦးဟာ အခြေခံ လုပ်ခလစာထက် စပွန်ဆာကြေးတွေ၊ ကလပ်အသင်းအောင်မြင်မှုအလိုက် ဆက်စပ်အကျိုးခံစားခွင့်တွေ၊ တစ်ဦးချင်းရရှိတဲ့ အောင်မြင်မှုအပေါ် ထပ်ဆောင်းပေးရတဲ့ ချီးမြှင့်ကြေးတွေဟာ အများစု ခန့်မှန်းထားတာထက် ပိုများနေတာ၊ မိုနာကိုပါ။ မိုနာကိုအသင်းဟာ ပြင်သစ်လူငယ်အများစုကို ကျောထောက်နောက်ခံပြုပြီး အတွေ့အကြုံရင့်နိုင်ငံရပ်ခြားကစားသမားတွေနဲ့ တွဲဖက်ကစားစေတာကြောင့် မက်ပီ၊ ဘာကာယိုကို၊ လီမာနဲ့ မန်ဒီတို့လို ကစားသမားတွေကို ကမ္ဘာ့ဘောလုံးစင်မြင့်ထက်ရောက်ရှိသွားစေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီကစားသမားလေးတွေလည်း လာမယ့်နှစ်ပိုင်းအတွင်း မိုနာကိုကနေ ထွက်ပြီး အခြားဥရောပအင်အားကြီး အသင်းတွေဆီကို အနေးနဲ့ အမြန်ဆိုသလို ရောက်ရှိသွားဦးမှာဖြစ်ပါတယ်။

ဒီလို ထိန်းချုပ်ခံအသင်းကြီးတွေဟာ ပြည်တွင်းမှာ အောင်မြင်မှု အလျှိုလျှိုရနေပေမယ့် ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်လိုပြိုင်ပွဲတွေမှာတော့ ရလဒ်ပိုင်းတွေ ကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါဟာကစားသမားကောင်းတွေခေါ်ယူဖို့ ချန်ပီယံလိဂ်ဝင်ခွင့်ရတယ်ဆိုတဲ့ အချက်နဲ့ စည်းရုံးရတာ၊ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အသင်းခုနစ်သင်းလောက် ယှဉ်ပြိုင်နေရတာ၊ အသင်းတိုင်းက နည်းပြအပြောင်းအလဲ ကစားသမားအပြောင်း

စီးပွားရေးလုပ်ငန်းရှင်တွေ ကလပ်အသင်းတွေကို ဝယ်ယူထိန်းချုပ်လာတဲ့အပေါ် အများစုက လွန်ခဲ့တဲ့ဆယ်စုနှစ်လောက်အတွင်း အာရုံစိုက် ဝေဖန်ခဲ့ပေမယ့် ခုနောက်ပိုင်းတော့ ဘယ်သူကမှ ထူးထူးခြားခြားလုပ်ဝေဖန်ခြင်းမရှိတော့ဘဲ ဒီပြောင်းလဲမှုအပေါ် လက်သင့်ခံလာနိုင်ကြပါတယ်။ ဘယ်သူမှ ရပ်တန့်နိုင်ခြင်းမရှိတဲ့ ဒီအပြောင်းအလဲကိုလည်း ခေတ်သစ်ဘောလုံးလောကရဲ့ ပုံမှန်ဖြစ်စဉ်တစ်ခုအဖြစ်လို့သာ မှတ်ယူလာကြတာပါ။ ငွေကြေးဟာ ဒုတိယဘုရားသခင်ဆိုတာ ဘောလုံးလောကအတွက် ပိုပြီးမှန်နေသလားထင်ရအောင် ကစားသမားတွေက အသင်းစွဲမထားတော့ဘဲ ငွေကြေးပိုပေးတဲ့အသင်းတွေဆီ ရောက်ရှိသွားတာကြောင့် ကလပ်အသင်းငယ်တွေနဲ့ အသင်းကြီးတွေကြား ဘောလုံးအဆင့်အတန်းတစ်ရပ်ကို ပိုပြီးကွာဟချက်များသွားစေပါတယ်။

ကလပ်အသင်းတစ်ခုကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုက ထိန်းချုပ်မှုကိုကန့်သတ်ဖို့ဆိုရင် သက်ဆိုင်ရာနိုင်ငံအလိုက် စည်းမျဉ်းတွေ၊ မူဝါဒတွေ၊ ဥပဒေတွေပြင်ဆင်











အမြတ်ထုတ် ပေါင်သန်း ၄၀ ကျော်ရယူသွားမှုကို ဘွတ်ဘောလိစ်ဒ်က ဖွင့်ချအပြီး နောက်မှာ ဖီဖာ( ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်)က ဒီကိစ္စရဲ့ ရှင်းလင်းချက်ကို လိုချင်ကြောင်း မန်ယူကို အကြောင်းကြားခဲ့ပါတယ်။ ကမ္ဘာ့ဘောလုံးစူပါစတား စီရိုနယ်လ်ဒိုရဲ့ နေ့ဝက်လောက်လုပ်အားခက ပေါင် ၉၂၀၀၀၀ ရှိတာ၊ ပြီးခဲ့တဲ့ရာသီက နည်းပြ ဘင်နီတက်ဇ်ဟာ ရီးယဲလ်က ထုတ်ပယ်ခံရပေမယ့် ပေါင်တစ်သန်းလျော်ကြေးရရှိသွားတာ ဒါတွေကိုလည်း နောက်ရက်မှာ ဆက်လက်သိခွင့်ရခဲ့ပါတယ်။

ဒ့ါအပြင် တရုတ်စူပါလိဂ်က လာဗက်ဇီအတွက် တစ်ပတ်လုပ်ခပေါင် ၇၉၀၀၀၀ (တစ်နှစ်လုပ်ခပေါင် ၄၁ ဒသမ ၀၉ သန်း)အထိ သုံးစွဲနေတာတွေကြောင့် ခြေစွမ်းထက် ငွေကြေးနောက်ကို လိုက်နေတဲ့ ကစားသမားတွေဟာ ငွေကြေးတတ်နိုင်တဲ့ အသင်းကြီးတွေမှာသာ စုပြုံတိုးဝှေ့ရောက်ရှိနေကြတာတွေကို နေ့စဉ်နဲ့အမျှကြားသိနေရပါတယ်။ ကစားသမားအများစုကတော့ “ဒါကိုပဲ ပရော်ဖက်ရှင်နယ်” လို့ အဓိပ္ပာယ်ဖွင့်ဆိုနေကြတော့ အားကစားကို ချစ်မြတ်နိုးစိတ်အပြည့်နဲ့ ကစားကြသူတွေဟာ ဒီဘက်မော်ဒန်ဘောလုံးခေတ်မှာ အတော်ရှားပါးလာပြီလို့ ဆိုရပါမယ်။

ယခုနောက်ပိုင်းနှစ်တွေမှာ ကစားသမားတွေဟာ အသက်(၃၀)ကျော်လာရင် နိုင်ငံလက်ရွေးစင်အဖြစ်ကနေ အနားယူတယ်လို့ ကြေညာပြီး ကလပ်အသင်းတွေအတွက်ပဲ ရေရှည်ကစားနိုင်အောင် စီစဉ်လာတာ၊ ကစားအားအကောင်းဆုံးရှိနေချိန်မှာတောင် ထိပ်တန်းလိဂ်တွေကို စွန့်ခွာပြီး စူပါလိဂ်၊ ကာတာလိဂ်တွေကို သွားရောက်အခြေချနေကြတာကလည်း ဘောလုံးလောကရဲ့ ပြောင်းလဲလာတဲ့ခေတ်အခြေအနေဖြစ်နေပါတယ်။ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့လို ကစားတွေက နာမည်ထိန်းဖို့ ကမ္ဘာ့ထိပ်တန်းလိဂ်တွေမှာ ဆက်လက်ကစားကြပေမယ့် အချို့ကစားသမားတွေက ငွေကြေးအတွက်သာ အဓိကထား စဉ်းစားလာကြတာပါ။ အော်စကာ၊ လာဗက်ဇီ၊ ဟော့တို့လို ကစားသမားတွေဟာ ဒီကိစ္စရပ်အတွက် ဥပမာပြလို့ကောင်းတဲ့ ကစားသမားတွေပါ။

စူပါလိဂ်က ရွှန်းနီ၊ ကော်စတာတို့အတွက် ကမ္ဘာ့စံချိန်တင်လစာနဲ့ ကမ်းလှမ်းခဲ့လို့ တောင့်မခံနိုင်တဲ့ ကော်စတာက ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးကနေ တီယန်ကျင်းကွမ်ကျင်းလို စူပါလိဂ်မှာတောင် အလယ်အလတ်အသင်းဆီကိုပြောင်းဖို့ ခြေလှမ်းပြင်ထားပြီး

ကလပ်အသင်းတွေရဲ့ ရုပ်သံထုတ်လွှင့်ကြေး၊ စပွန်ဆာကုမ္ပဏီတွေနဲ့စာချုပ်တွေ အပြိုင်အဆိုင်ချုပ်ဆို ငွေရှာနေတာကြောင့် ဘောလုံးကလပ်တွေဟာ ငွေကြေးနောက်ကို တရှိုက်မက်မက် လိုက်နေကြတဲ့ စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုသဖွယ် လည်ပတ်နေပါတယ်။

စီးပွားရေးဘက်မှာ အမြော်အမြင်ကြီးမားတဲ့ လုပ်ငန်းရှင်ကြီးတွေက အသင်းအောင်မြင်ရေးအတွက် ငွေကြေးအလုံးအရင်းအသုံးပြုပေးမယ်ဆိုတဲ့ ကတိကဝတ်နဲ့ ဥရောပအသင်းကြီးတွေရဲ့ ရှယ်ယာအများစုကို ထိန်းချုပ်လာကြတာကိုလည်း ယခုနှစ်ပိုင်းမှာ ခပ်စိပ်စိပ်မြင်တွေ့လာရပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုလောက်က အမေရိကန်၊ ရုရှားလုပ်ငန်းရှင်တွေက ပရီမီယာလိဂ်ကလပ်အသင်းတွေကို ဝယ်ယူပြီး ပြုပြင်ပြောင်းလဲရေးလုပ်တဲ့ခေတ်လွန်ချိန်မှာ အရှေ့အလယ်ပိုင်းနိုင်ငံတွေက ကြွယ်ဝချမ်းသာတဲ့ လုပ်ငန်းရှင်ကြီးတွေက လက်ကျန်ပရီမီယာလိဂ်ကလပ်အသင်းတွေနဲ့ ပြင်သစ်ပထမတန်းကလပ်တွေကို ဝယ်ယူခဲ့ပြန်ပါတယ်။ ဒီနှစ်ပိုင်းမှာတော့ အမေရိကန်၊ ကာတာ၊ ယူအေအီး သူဌေးကြီးတွေ ငြိမ်သွားခဲ့ပြီး စီးပွားရေးတောင့်တင်းတဲ့ တရုတ်သူဌေးတွေ ဘောလုံးဈေးကွက်ထဲ ဝင်လာပြန်ပါပြီ။

သူတို့ကတော့ အီတလီဘောလုံးလောကကို အဓိကပစ်မှတ်ထားနေပြီး စီးရီးအေဘောလုံးလောက တိုးတက်ရေးဆိုတဲ့ ကြွေးကြော်သံနဲ့ ဝင်ရောက်ခြယ်လှယ်နေကြတာဖြစ်ပါတယ်။ အသင်းပိုင်ရှင်အများစုကတော့ ပြုပြင်ပြောင်းလဲရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ နာမည်ဂုဏ်သတင်းကျော်ကြားပြီးသား ကစားသမားတွေကို အရခေါ်ယူ၊ ထိပ်တန်းနည်းပြတွေကို ပူးပေါင်းဆောင်ရွက်ရေးအဓိကထားဆောင်ရွက်တာကြောင့် စိတ်ရှည်မှု နည်းပါးတဲ့ အသင်းပိုင်ရှင်တွေရဲ့အောက်မှာ နည်းပြတွေ၊ လူငယ်အကယ်ဒမီထွက် ကစားသမားတွေ စတေးခံနေကြတာကို တွေ့ရပါတယ်။ အသင်းကြီးတွေက ဂျာစီရောင်းကောင်းရေး၊ အသင်းပုံရိပ်မြင့်မားရေးအတွက် နာမည်ရှိပြီးသား ကစားသမားတွေကိုပဲ ခေါ်ယူအသုံးပြုနေတာဖြစ်ပါတယ်။ စပိန်ကလပ်အသင်းတွေရဲ့ ဖွဲ့စည်းပုံကတော့ နိုင်ငံရပ်ခြားစီးပွားရေးသမားတွေ ဝယ်ယူလို့မရတာကြောင့် လာလီဂါကို ဘယ်နိုင်ငံရပ်ခြား သူဌေးကမှ ပိုင်ဆိုင်ခွင့်မရှိတာဖြစ်ပါတယ်။

ဒီလို နိုင်ငံရပ်ခြားအသင်းတွေ ထိန်းချုပ်ထားတဲ့ အသင်းတွေထဲမှာ စံပြထားရမယ့် အသင်းတစ်ခုကတော့

> “ကစားသမားတစ်ဦးဟာ အခြေခံလုပ်ခလစာထက် စပွန်ဆာကြေးတွေ၊ ကလပ်အသင်းအောင်မြင်မှုအလိုက် ဆက်စပ်အကျိုးခံစားခွင့်တွေ၊ တစ်ဦးချင်းရရှိတဲ့ အောင်မြင်မှုအပေါ် ထပ်ဆောင်းပေးရတဲ့ ချီးမြှင့်ကြေးတွေဟာ အများစု ခန့်မှန်းထားတာထက် ပိုများနေတာ၊ ကလပ်အသင်းတွေရဲ့ ရုပ်သံထုတ်လွှင့်ကြေး၊ စပွန်ဆာကုမ္ပဏီတွေနဲ့ စာချုပ်တွေအပြိုင်အဆိုင်ချုပ်ဆို ငွေရှာနေတာကြောင့် ဘောလုံးကလပ်တွေဟာ ငွေကြေးနောက်ကို တရှိုက်မက်မက်လိုက်နေကြတဲ့ စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုသဖွယ် လည်ပတ်နေပါတယ်။”

အလဲကို အချိန်မပေးဘဲ အလျင်စလို စီမံလာတာတွေရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေ ဖြစ်ပါတယ်။ ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်နဲ့ ဂျူဗင်တပ်အသင်းတို့ရဲ့ အောင်မြင်မှုအပေါ် ပီအက်စ်ဂျီ၊ မန်စီးတီးတို့လို ဥရောပအောင်မြင်မှုရရှိရေး ကြိုးပမ်းနေတဲ့အသင်းတွေ ဘာလို့ကျော်မတက်နိုင်သလဲဆိုတာ ဒီအချက်တွေနဲ့ နှိုင်းယှဉ်နိုင်ပါတယ်။

ဖို့လိုပြီး ဒီလိုမှမဟုတ်ရင်တော့ ဘောလုံးလောကဟာ လုပ်ငန်းရှင်တွေရဲ့ စီးပွားရေးလုပ်ကွက် အသစ်တစ်ခုဆိုတဲ့ အဓိပ္ပာယ်သာထွက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် စနစ်တစ်ခုရဲ့ရှင်သန်မှုဟာ နှစ် ၂၀ လောက်ဆို ပြောင်းလဲသွားဦးမှာဖြစ်တာကြောင့် အဲဒီအချိန်ရောက်ရင် ဘောလုံးလောကကြီးက အကောင်းဘက်ကို ဦးတည်နေမလား၊ ပိုပြီးတော့ ဆိုးသွားမလားဆိုတာ စောင့်ကြည့်ရင်းနဲ့ . . .။



# သက်ပြင်းအခါခါချ ရင်မောခဲ့ရသည့် လူ့စွမ်းအားအရင်းအမြစ်ပျောက်ဆုံးမှု



မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် နိုင်ငံကူးလက်မှတ်လာရောက်လျှောက်ထားကြသူများကို တွေ့ရစဉ်။

မြို့တော်ထွန်းရီ

ကျွန်တော် ဒီဆောင်းပါးကို ရေးချင်တာကြာခဲ့ပါပြီ။ ရေးသင့်တာလည်း ကြာခဲ့ပါပြီ။ ရေးဖို့ အခြေအနေတွေကလည်း ဖန်တီးနေပါသည်။ ခက်နေသည်က စာရေးဆရာဆိုတာက ဘယ်လိုအခြေအနေတွေပဲ ဖန်တီးလာလာ ကဗျာ၊ ကာတွန်း၊ စာညွန့်၊ ဆောင်းပါး၊ ဝတ္ထု ဘယ်လိုစာမျိုးတွေကိုပဲရေးရေး ခံစားချက်ကလေးပါမှ အသက်ဝင်ပါသည်။ ခံစားချက်ဆိုတာက စာရေးသူတို့ရဲ့ အသက်ပါပဲ။ ခံစားချက်ပါမှ စာဖတ်သူတို့ကိုလည်း မိမိတင်ပြ၊ ပြောပြလိုသည့် အကြောင်းအရာတွေကို ကွက်ကွက်ကွင်းကွင်း၊ ရှင်းရှင်းလင်းလင်း တင်ပြနိုင်မှာဖြစ်သလို ဖတ်သူကလည်း ကိုယ့်ပြောပြချက်၊ ကိုယ့်ခံစားချက်ကို နားလည်ခံစားပေးမှာ ဖြစ်ပါသည်။ စာဖတ်သူရဲ့ရင်ထဲကို စွဲငြိထင်ကျန်ခဲ့ရင် ဒီစာဟာ ကောင်းမွန်တဲ့စာတစ်ပုဒ်ဖြစ်လာမှာ သေချာပါသည်။ ဒီဆောင်းပါးသည် မည်သည့်အဖွဲ့အစည်းကိုမှ ပြစ်တင်ဝေဖန်ရှုတ်ချခြင်းမဟုတ်ပါ။ ကျွန်တော့်ရဲ့ခံစားချက်ကို အပြုသဘောဆောင်တင်ပြခြင်းဖြစ်ပါသည်။ ကျွန်တော့်လိုပဲ ဒီခံစားချက်မျိုးတွေကို ခံစားနေရသူတွေလည်း ရှိနေနိုင်ပါသည်။ နိုင်ငံတော်ရဲ့ စေတနာကို နားလည်ပါသည်။ အပြုသဘောမျိုးသာ တင်ပြခြင်းဖြစ်ပါသည်။ ကျွန်တော် တင်ပြရခြင်းရဲ့ အခြေခံဇာတ်လမ်းက ကျွန်တော့်မိသားစု၊ ကျွန်တော့်ရဲ့ ဆွေမျိုးတစ်စုဆီက စတင်တယ်လို့ပဲ ဆိုပါရစေ။

လွန်ခဲ့တဲ့တစ်လလောက်က ဖြစ်ပါသည်။ ကျွန်တော်၏ သားကြီးဖြစ်သူက "အဖေ ကျွန်တော် ထမင်းဆိုင်တစ်ဆိုင်ဖွင့်ဖို့ စီစဉ်ခဲ့ပြီးပြီ။ လှည်းတန်းမှာ။ ဆိုင်လည်း စာချုပ်ပြီးပြီ။ အဖေက စားပွဲထိုး နှစ်ယောက်၊ သုံးယောက်လောက်ရှာပေးပါ။ အဖေ့မိတ်ဆွေတွေ နယ်ဘက်ကပေါ့။ တစ်လ စရိတ်ငြိမ်း ငါးသောင်းပေးပါ့မယ်။ ကြိုးစားသလို တိုးပေးသွားပါမယ်။ တစ်ပတ်တစ်ရက်နားပေါ့" စကားဆိုလာတဲ့အတွက် ကျွန်တော်နဲ့ပတ်သက်တဲ့ နယ်က မိတ်ဆွေတွေထံ ဆက်သွယ်သည်။ သူတို့ အကြောင်းပြန်လာတာက လုပ်မယ့်သူရှားတယ်တဲ့။ ကျွန်တော်က လစာနည်းလို့လား၊ ညှိနှိုင်းပေးပါ့မယ်။ ဆိုင်က အခါကျော်ရင် ဖွင့်ဖို့ ပြင်ဆင်ပြီးပါပြီလို့ ပြောတဲ့အခါမှာ လူတွေမရှိတော့ဘူး။ လုပ်နိုင်ကိုင်နိုင်တဲ့ ယောကျ်ားလေး၊ မိန်းကလေးတွေက နိုင်ငံခြားကို ထွက်သွားကြပြီတဲ့။

ရွာခံမိတ်ဆွေတွေရဲ့ လမ်းညွှန်ပေးချက်အရ အိမ်ဖော်ပွဲစားတွေဆီ ချိတ်ပါတယ်။ ဒါပေမယ့် အိမ်ဖော်ပွဲစားတွေရဲ့ အကြောင်းပြချက်ကတော့ အားလုံးနိုင်ငံခြားထွက်ဖို့လုပ်နေကြတယ်ဆိုတာနဲ့ နိုင်ငံခြားသွားနေကြတယ်ဆိုတဲ့ အကြောင်းပြချက်က ရလာပါတယ်။ ကျွန်တော် ပထမအကြိမ် သက်ပြင်းချမိပါသည်။

ဧပြီလဆန်းတစ်ရက်လောက်မှာ ကျွန်တော့်သားက မြို့နယ်ကောင်းတစ်ခုမှာ နေရာကျယ်ကျယ်၊ ခြံတစ်နေရာရသည့်အတွက် ရေသန့်စက်ရုံ လုပ်ကြမယ်၊ စက်တွေလည်း စုံစမ်းပြီးပြီ။ ကုသိုလ်လည်းရ ဝမ်းလည်းဝလို့ ဆိုလာပြန်ပါသည်။ ရေသန့်စက်ရုံဆိုတာက အားကောင်းမောင်းသန် ယောကျ်ားလေးတွေရမှဖြစ်မှာမို့ သတင်းစာ၊ ဂျာနယ်တွေက ကြော်ငြာခေါ်ခဲ့ပါသည်။ တစ်ပတ်သာကုန်လွန်သွားပြီး လာလျှောက်သူမရှိခဲ့ပါ။ ဒါနဲ့ နယ်ဘက်က ကျွန်တော်ကိုးကွယ်တဲ့ ဆရာတော်တစ်ပါးထံမှာ အလုပ်သမားရမလားဆိုပြီး လျှောက်ထားအကူအညီတောင်းတဲ့အခါ ဆရာတော်က "စာရေးဆရာရေ၊ ကျုပ်ကျောင်းမှာတောင် ကပ္ပိယလုပ်မယ့်သူ မရှိဘူး။ အားကောင်းမောင်းသန် ပုဂ္ဂိုလ်တွေအားလုံး နိုင်ငံခြားကိုထွက်သွားကြပြီ"တဲ့။ ဘုရား၊ ဘုရား၊ ကျွန်တော် ဒုတိယအကြိမ် သက်ပြင်းချမိပါသည်။

> ❝ ဒုက္ခတွေမခံနိုင်ကြလို့ ဘဝကို အဆုံးစီရင်သူတွေအထိ မြင်တွေ့နေကြရပါသည်။ မည်သို့ပင်ဆိုစေကာမူ ပြည်ပကိုထွက်ခွာကြတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေက . . . ❞

ကျွန်တော် တတိယအကြိမ် သက်ပြင်းချမိတာကတော့ နယ်က ကျွန်တော့်အစ်မဝမ်းကွဲတစ်ယောက် "ငါ့မောင်ရေ၊ မနှစ်က မျက်စိတစ်လုံးခွဲပြီးပြီ။ အခု ကျန်တစ်လုံးထပ်ခွဲမယ်။ အစ်မနဲ့ မင်းအစ်ကို မေလကုန်လောက်လာခဲ့မယ်။ မင်းအသိ ဆရာဝန်ဆီ ထပ်ချိတ်ပြီး ခွဲဖို့ရက်တောင်းပေးပါဦး" လို့ ဆိုလာပါသည်။ ဒီအခါ ကျွန်တော်က "အစ်မကလည်း မိုးဦးကျကြီးမှာ အစ်မတို့ လယ်စိုက်ဖို့တွေ မလုပ်ကြဘူးလား။ လယ်က ကိုးဧကဆိုတော့ အစ်မတို့ အခုလောက်စထားမှ တော်ရုံကျမှာမဟုတ်ဘူးလား" လို့ ဆိုလိုက်တဲ့အခါ "အမလေး ငါ့မောင်၊ အခု တို့ရွာတွေမှာ လယ်ထွန်၊ ကောက်စိုက်၊ ပျိုးကြဲ၊ ပျိုးနုတ်၊ နွားစာရှာကျွေးမယ့် ယောကျ်ား၊ မိန်းမတွေ မရှိကြတော့ဘူး။ အားလုံးလိုလို နိုင်ငံခြား အလုပ်သွားလုပ်ကြမယ်ဆိုပြီး ရန်ကုန်ကို တက်တက်သွားကြတာ ရွာမှာ ကျီးနဲ့ဖုတ်ဖုတ်ပဲ။ ဒီနှစ်တော့ တို့လယ် နားရလိမ့်မယ်" ဆိုလိုက်တဲ့အခါမှာတော့ ကျွန်တော် ထပ်မံပြီး တတိယအကြိမ် သက်ပြင်းချမိပြန်ပါသည်။

စတုတ္ထအကြိမ် သက်ပြင်းချရတာကတော့ နယ်က တူတစ်ယောက်။ သူက ကျွန်းတစ်ခုပေါ်မှာ ကိုင်းလုပ်ငန်းလုပ်ပါသည်။ ရေတက်တဲ့ မိုးကာလမှာ အလုပ်မလုပ်ရဘဲ ရေကျတဲ့ ဆောင်း၊ နွေကာလမှာ ကျွန်းပေါ်မှာ ပြောင်း၊ ငရုတ်စတဲ့ ကိုင်းလုပ်ငန်းတွေ သူငယ်ချင်းသုံးယောက်နဲ့ လုပ်ကြပါသည်။ အဆင်လည်းပြေကြပါသည်။ တစ်နေ့သူက ဖုန်းဆက်လာတာကတော့ ဦးလေး ကျွန်တော်နဲ့ သူငယ်ချင်းသုံးယောက် ရန်ကုန်ကိုလာခဲ့မယ်။ ဒီအခါ ကျွန်တော်က "မင်းတို့ ကိုင်းလုပ်ငန်းတွေ အဆင်ပြေကြရဲ့လား"ဆိုတော့ "ကိုင်းကတော့ အဆင်မပြေဘူး။ အဆင်ပြေတာကတော့ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်ပဲ နိုင်ငံခြားထွက် အလုပ်လုပ်ကြမလို့" လို့ ပြောလိုက်တဲ့အခါ ကျွန်တော် "ဗုဒ္ဓေါ" လို့ တပြီး သက်ပြင်းတစ်ကြိမ် ထပ်မံချလိုက်ရပြန်ပါသည်။

ကျွန်တော်ဟာ NGO အဖွဲ့အစည်းတစ်ခုမှာ အလုပ်လုပ်တာ ကိုးနှစ်ရှိခဲ့ပါပြီ။ ကျွန်တော် ရုံးကိုသွားတိုင်း မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးနားက ဖြတ်သွားရတာပါ။ ဒီနှစ်တွေထဲမှာ အဲဒီရုံးမှာ နေ့စဉ် ပွဲတော်ကြီးအလားပါပဲ။ ကားကြီး၊ ကားငယ်၊ ခရီးဆောင်အိတ်ကြီး၊ အိတ်ငယ် အသွယ်သွယ်တွေနဲ့ နေ့စဉ် ပျားပန်းခပ်လှုပ်ရှားပြီး ရုံးနားက ပန်းခြံတွေထဲမှာ စားသောက်ကြလို့တစ်မျိုး၊ ဖောင်ဖြည့်လို့တစ်သွယ်၊ အိပ်နေသူတွေက အများအပြားနဲ့ နိုင်ငံကူးလက်မှတ်ကို လာလျှောက်နေကြပါသည်။ ဒီနေရာမှာ ကိုယ်တိုင်လာလျှောက်ကြတဲ့သူတွေ၊ ပွဲစားအကူအညီနဲ့ လျှောက်ကြသူတွေ၊ ကုမ္ပဏီဝန်ထမ်းတွေနဲ့ လျှောက်နေကြတဲ့သူတွေ အများအပြားပါပဲ။ ကျွန်တော့်စိတ်ထင် တစ်နေ့ကို လာလျှောက်သူတွေ သောင်းနဲ့ချီပြီး တွေ့နေကြရပါသည်။

ပြည်ပကို အလုပ်သွားလုပ်တာမှာ ကောင်းကျိုးထက် ဆိုးကျိုးက ပိုနေပါသည်။ အချို့ဆို ကုမ္ပဏီတွေကလိမ်၊ ပွဲစားတွေကလိမ်နဲ့ ရှိသမျှလေး တက်တက်ခါပြောင်ပြီး အကြွေးတင်ကြရသလို အချို့ကျတော့ ငွေပေးစရာမလို အလုပ်ဝင်တော့မှ လစာထဲကဖြတ်မယ်ဆိုပြီး သွားကြတဲ့သူတွေကို ဟိုကျ လစာထဲကဖြတ်တော့ ထမင်းစားဖို့သာ အနိုင်နိုင်ရကြရပါသည်။ အချို့ဆို လယ်တွေ၊ အိမ်ဝိုင်းတွေ ရောင်းချပေါင်နှံပြီးသွား ဟိုရောက်တော့ အဆင်မပြေ။ ပြောတော့တစ်မျိုး၊ လုပ်ရတာကတစ်မျိုးနဲ့ ဒုက္ခရောက်ကြရပါသည်။ အချို့ဆို သက်ဆိုင်ရာနိုင်ငံတွေမှာ 'အို'ကြောင့် အဖမ်းတွေခံရ။ အချို့ ရောင်းစားခံကြရနဲ့ ဒုက္ခသုက္ခတွေ ရောက်ကြရပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့တွေ အကူအညီအပြင် ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းက လူသားချင်းစာနာတဲ့စိတ်နဲ့ နိုင်ငံခြားတိုင်းပြည်တွေမှာ အတိဒုက္ခရောက်နေသူတွေ၊ အကျဉ်းထောင်ထဲက မြန်မာအလုပ်သမားတွေ၊ မတရားကျွန်ပြုခံရပြီးနှစ်ရှည်လများ ဖမ်းဆီးနှိပ်စက်ခံခဲ့ရတဲ့ မြန်မာရေလုပ်သားတွေကို အမိမြန်မာနိုင်ငံကို စရိတ်ငြိမ်း ပြန်လည်ခေါ်ယူခဲ့လို့ ကိုယ့်တိုင်းပြည်ပြန်ရောက်ကြရတဲ့သူတွေလည်း နေ့စဉ်သတင်းစာတွေမှာ ဖတ်နေရပါသည်။ အချို့ဆို ဒုက္ခတွေမခံနိုင်ကြလို့ ဘဝကို အဆုံးစီရင်သူတွေအထိ မြင်တွေ့နေကြရပါသည်။ မည်သို့ပင်ဆိုစေကာမူ ပြည်ပကိုထွက်ခွာကြတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေက ပျောက်ဆုံးခဲ့ကြရပါသည်။ ဒ့ါပြင် လုပ်ယာလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း စတဲ့နေရာတွေမှာ လုပ်သားတွေ မရှိကြတော့တဲ့အတွက် စားနပ်ရိက္ခာတွေရှားပါး၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေ ကြုံတွေ့နေကြရပြီး အဓိကကျတဲ့ နိုင်ငံရဲ့ စီးပွားတိုးတက်ရေးကဏ္ဍတွေမှာလည်း အင်အားတွေ ကျဆင်းနေပါသည်။

ပြည်ပကိုထွက်ချင်လွန်းလို့ ထွက်ခွာသွားတဲ့ ပြည်သူတွေ ဒုက္ခသုက္ခတွေမရောက်အောင် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ပြည်ပထွက်ခွာသူများရဲ့ အလုပ်အကိုင်တွေကို ခိုင်လုံတဲ့ အထောက်အထား၊ အစစ်အမှန်တွေ တင်ပြပြီးမှသာ လက်ခံအတည်ပြုပြီး ပြည်ပသို့ ထွက်ခွာခွင့်ပြုသင့်ပါကြောင်းနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ မပျောက်ဆုံးအောင် ကာကွယ်တားဆီးကြပါစို့လားလို့ စေတနာဖြင့် အကြံပြုတင်ပြရင်း. . .

သက်ပြင်းမချ၊ ရင်မမောရတဲ့နေ့လေးတွေဆီသို့အမြန်ဆုံးရောက်ရှိနိုင်ပါစေလို့ ဆုတောင်းမိလိုက်ပါသည်။

# ခန္တီးရတနာမြေတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး သစ်တော၊ သစ်ပင်များအား ပြန်လည်စိုက်ပျိုးခြင်းရှိ၊ မရှိ စောင့်ကြည့်မည်



**ခန္တီး မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် နန်စီပွန် ကျောက်စိမ်းမော်အတွင်း ကျောက်စိမ်းရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ကျောက်မျက်ကုမ္ပဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း သစ်ပင်များ ပြန်လည်စိုက်ပျိုးမှု ရှိ၊ မရှိကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်စိမ်းမော်များအတွင်း လက်ရှိတူးဖော်လျက်ရှိသည့်ကုမ္ပဏီများအနေဖြင့် ရေပန်းထိုးပြီး ကျောက်စိမ်းရှာဖွေရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အနည်စစ်ကန်အဆင့်ဆင့် လုပ်ဆောင်ထားခြင်း၊ မြေဆီလွှာများထိန်းသိမ်းရန် တူးဖော်ပြီးလုပ်ကွက်များအား မြေပြန်ညှိ၍ သစ်ပင်များပြန်လည်ထူထောင်စိုက်ပျိုးခြင်း၊ တူးဖော်နေဆဲနေရာများအတွက် အခြားမြေနေရာအစားထိုးတောင်းဆိုပြီး ပြန်လည်စိုက်ပျိုးခြင်းစသည်တို့ကို လုပ်ဆောင်ပေးရမည် ဖြစ်သည်။

"လုပ်ကွက်တစ်ခု တူးဖော်ထုတ်လုပ်တဲ့အခါမှာ မိုင်းပိတ်သိမ်းရေး အစီအမံဆိုတာရှိပါတယ်။ အခုလက်ရှိ လုပ်ကိုင်နေတဲ့ ကုမ္ပဏီများအနေဖြင့်လည်းကျောက်ကြောများ တူးဖော်ပြီးလို့ ကုန်သွားတဲ့အချိန် ဒီနေရာတွေကို ပြန်လည်မြေဖို့ပြီး သစ်ပင်များပြန်လည်စိုက်ပျိုးပေးရမှာဖြစ်ပါတယ်။ ဒီနေရာမှာတူးဖော်ဆဲဖြစ်လို့ စိုက်ပျိုးနိုင်ခြင်း မရှိတဲ့အခါမှာ တချို့ကုမ္ပဏီများအနေနဲ့ မြေနေရာအစားရယူပြီးတော့ သစ်ပင်များစိုက်ပျိုးထားတာရှိပါတယ်။ လက်ရှိမြေပြင်မှာလည်း ကျွန်း၊ မျောက်ငို စတဲ့အပင်များကို စိုက်ပျိုးထားပြီးသား မြေနေရာများလည်းရှိပါတယ်။ ရှေ့ဆက်ပြီးတော့ ထပ်မံစိုက်ပျိုးဖို့ ပျိုးခြံများ ပြုစုပျိုးထောင်ထားပြီးတော့ လုပ်ကွက်များပိတ်သိမ်းတဲ့အချိန်မှာ စိုက်ပျိုးသွားဖို့ အစီအစဉ်များလည်းရှိပါတယ်။ အဲဒါတွေကို လုပ်ဆောင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်သွားမှာပါ" ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲထွဋ်က ပြောသည်။

ခန္တီးရတနာမြေသည် ဧရိယာ ၁၁၆၃ စတုရန်းမိုင် ၇၄၄၃၂၀ ဧက အကျယ်အဝန်းရှိပြီး နန်စီပွန်လုပ်ကွက်တွင် သက်တမ်းရှိလုပ်ကွက် ၅၂၀၊ သက်တမ်းကုန် လုပ်ကွက် ၂၃၈ ကွက်၊ မကျန်ခလုပ်ကွက်တွင် သက်တမ်းရှိလုပ်ကွက် ၇၇၁ ကွက်၊ သက်တမ်းကုန် လုပ်ကွက် ၁၂၆ ကွက်ရှိပြီး ကျောက်စိမ်းရှာဖွေရေး ကုမ္ပဏီ ၃၇ ခုအား လုပ်ကိုင်ခွင့်ပြုထားကြောင်းနှင့် အဆိုပါကုမ္ပဏီများအနေဖြင့် လုပ်ငန်းပိတ်သိမ်းချိန်များတွင် မိမိတို့တူးဖော်ခဲ့သည့် နေရာများ၌ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် သစ်ပင်များ ပြန်လည်အစားထိုး စိုက်ပျိုးပေးရမည်ဖြစ်ရာ ပြန်လည်စိုက်ပျိုးပေးခြင်းရှိ၊ မရှိကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**မုဒုံ မေ ၁၅**
မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် မုဒုံမြို့နယ် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို မေ ၁၄ ရက် နံနက် ၁၀ နာရီက မုဒုံမြို့ ရွှေဟင်္သာခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များကို ပြည်သူတွေသိရှိနိုင်စေရန် လာရောက်တင်ပြခြင်းဖြစ်ပြီး မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာတိုင်း လျှပ်စစ်မီးရရှိနိုင်စေရန် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် မုဒုံမြို့၏ အဓိကထုတ်ကုန်ဖြစ်တဲ့ ရော်ဘာဈေးကွက်ကောင်းရရှိစေရေး၊ အဆင့်အတန်းမြင့်ထုတ်လုပ်နိုင်စေရေးတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်နှင့် ပတ်သက်သော ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော ဒေသခံပြည်သူများ၏ တင်ပြဆွေးနွေးချက်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းထက် (ပြည်နယ် ပြန်/ဆက်)**

## ပုလဲမြို့နယ်အတွင်းရှိကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့်ဌာနဆိုင်ရာများ ကွင်းဆင်းဆောင်ရွက်

**ပုလဲ မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၀၆ သန်းဖြင့် သပြေရေ-ပေါက်သဖကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နေမှုအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးအောင်ထွန်းမြင့်နှင့် ဌာနဆိုင်ရာများသည် မေ ၁၄ ရက် မွန်းတည့် ၁၂ နာရီက သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါ သပြေရေ-ပေါက်သဖကျေးရွာချင်းဆက်လမ်း အရှည်လေးမိုင်၊ အကျယ် ၁၂ ပေ၊ ကိုးလက်မထု ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား ရွှေမိုင်းခုတ်ကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်ခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီးမှု ၈၅ ရာခိုင်နှုန်းရှိပြီး မေ ၂၄ ရက်တွင် လုပ်ငန်းများအားလုံးပြီးစီးမည်ဖြစ်ကြောင်း ရွှေမိုင်းခုတ်ကုမ္ပဏီမှ လမ်းတာဝန်ခံ အင်ဂျင်နီယာ ဦးစန်းလွင်က ပြောကြားခဲ့သည်။

ထို့နောက် စည်ပင်ကျေးရွာ၊ သပြေရေကျေးရွာ၊ ကံသာကျေးရွာ၊ အောင်သာကျေးရွာနှင့် မရိုးတုန်း(န) ကျေးရွာများရှိ ကျေးရွာနေပြည်သူများက လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေရရှိရေး ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက်ဆောင်ရွက်ပေးမည့် အစီအမံများနှင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းဖြေကြားခဲ့သည်။

ထိုသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းခဲ့သည့် ကျေးရွာများတွင် ပုလဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် ကျေးရွာ တစ်ရွာလျှင် စာအုပ်၊ စာစောင် ၁၀၀ နှုန်းဖြင့် ကျေးရွာ ငါးရွာအတွက် စာအုပ်၊ စာစောင် ၅၀၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကျေးရွာများသို့ အခမဲ့ ဆေးဝါးကုသမှုလုပ်ငန်းဆောင်ရွက်

**မောက်မယ် မေ ၁၅**
မောက်မယ်မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဟိုလွိုင်ကျေးရွာအုပ်စု ကုန်းမလန်းကျေးရွာသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်း ဦးဆောင်၍ မေ ၁၄ ရက်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျေးရွာနေ တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာရေး စောင့်ရှောက်မှုရရှိစေရေးနှင့် ကျန်းမာစေရန်ရည်ရွယ်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဒေသခံရှမ်းတိုင်းရင်းသား ၂၀၀ ကျော်ခန့်အား အဖွဲ့ခွဲ၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အခမဲ့ဆေးကုသခြင်း၊ ဆေးကုရာဌာနသို့ မလာနိုင်သော သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းနှင့် ကျန်းမာရေးဆရာမ ဒေါ်သီတာရှိန်တို့က တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ဆင်ခြေထောက်ရောဂါဖြစ်ပွားပုံ မွေးရာပါဦးနှောက်ငယ်ရောဂါနှင့် ဆက်စပ်နေသည့် ဇီကာဗိုင်းရပ်စ်အန္တရာယ်ကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ နေ့အချိန်ခြင်ကိုက်ခြင်းမှ ကာကွယ်ကြရန်၊ ယခုနွေရာသီ၌ သရက်သီး၊ ပိန္နဲသီးမှည့်ချိန်တွင် ဖြစ်တတ်သော ဝမ်းရောဂါအကြောင်း၊ ယင်လုံအိမ်သာအကြောင်း ဟောပြောဆွေးနွေးကာ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများနှင့် ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များပါ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ကျန်းမာရေး ဆရာ၊ ဆရာမများ၊ အာအိုင် (Relief International) လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီအသင်းဝင်များ၊ ဒေသခံ လူထုကျန်းမာရေးလုပ်သားများမှ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**



## လေပြင်းထပ်မံတိုက်ခတ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြုပြင်ရေးများဆောင်ရွက်



**ကနီ မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မေ ၁၄ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က မိုးသီးများကျရောက်ကာ မိုးများသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကနီမြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုအချို့တို့တွင် လူနေအိမ်နှင့် စာသင်ကျောင်းဆောင်၊ သာသနိက အဆောက်အအုံများ ပြိုကျခြင်း၊ လျှပ်စစ်ဓာတ်တိုင်များလဲကျပျက်စီးဆုံးရှုံးမှုများနှင့် လူများထိခိုက်ဒဏ်ရာများရရှိပြီး အသေအပျောက်များရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုများကြောင့် မြို့ပေါ်ရပ်ကွက်များရှိလမ်းများတွင် သစ်ပင်များ လဲကျပိတ်ဆို့နေမှုများနှင့် နေအိမ်များပြိုကျပျက်စီးမှုများအား ယနေ့နံနက်မှစ၍ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ယင်းမာပင်ခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ကနီမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းရှင်းလင်းဆောင်ရွက်ကြကြောင်း သိရသည်။

တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ကနီမြို့နယ်ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**သန်းဌေးအောင်(ကနီ)**

❑

# အမေများနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ဇနီးဟောင်းရဲ့ဓာတ်ပုံကို အော်လန်ဒိုဘလွန်းဖော်ပြ



ပြီးခဲ့တဲ့ မေ ၁၄ ရက်မှာ ကျရောက်ခဲ့တဲ့ အမေများနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ဟောလိဝုဒ်ကြယ်ပွင့်များစွာက အမှတ်တရဓာတ်ပုံတွေကို သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့ကြကာ အမေများနေ့ကို ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ဒီလိုဖော်ပြခဲ့ကြရာမှာလည်း မိခင်ဖြစ်သူရဲ့ဓာတ်ပုံနဲ့ အမေနဲ့ပတ်သက်တဲ့ အမှတ်တရတွေကို ရွေးချယ်ဖော်ပြခဲ့ကြတာများပါတယ်။ ဒါပေမယ့် ဟောလိဝုဒ်ရဲ့ နာမည်ကျော် မင်းသားတစ်ဦးဖြစ်တဲ့ အော်လန်ဒိုဘလွန်းရဲ့ အမေများနေ့




ဆင်နွှဲပုံကတော့ အနည်းငယ်ထူးခြားနေတာဖြစ်ပါတယ်။ မင်းသားက ယင်းနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့ရဲ့ဇနီးဟောင်းဖြစ်သူ နာမည်ကျော်မော်ဒယ်လ် မရန်ဒါကားရဲ့ ဓာတ်ပုံတစ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ အမှတ်တရဖော်ပြခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အော်လန်ဒိုဘလွန်းဟာ မေ ၁၄ ရက်မှာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူ့ရဲ့သားဖြစ်သူ ဖလင်းန်ဘလွန်းက အော်လန်ဒိုဘလွန်းရဲ့ ဇနီးဟောင်းဖြစ်ပြီး ဖလင်းန်ရဲ့မိခင်လည်းဖြစ်တဲ့ မရန်ဒါကားရဲ့ ကြော်ငြာဓာတ်ပုံကို ဖက်ထားတဲ့ပုံကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ အသက် ခြောက်နှစ်ခန့်ရှိပြီဖြစ်တဲ့ ဖလင်းန်ဟာ တရုတ်နိုင်ငံသို့ အလည်အပတ်ထွက်ခဲ့စဉ်က တွေ့ခဲ့ရတဲ့ မိခင်ဖြစ်သူရဲ့ ကြော်ငြာဘုတ်ပေါ်က ဓာတ်ပုံကို ဖက်ထားပုံကို ရိုက်ကူးထားတဲ့ ဓာတ်ပုံလည်းဖြစ်ပါတယ်။

အဆိုပါဓာတ်ပုံနဲ့အတူ အော်လန်ဒိုဘလွန်းက "ကျွန်တော်တရုတ်နိုင်ငံမှာရှိနေစဉ် ကျွန်တော့်ဆီကို အလည်လာခဲ့တဲ့ ဖလင်းန်နဲ့အတူ ကျွန်တော်တို့ဟာ လမ်းပေါ်မှာ ဖြတ်သွားရင်းက ဒီဘေဘုတ်ပေါ်က ကြော်ငြာဓာတ်ပုံကို ရုတ်တရက်တွေ့ခဲ့တာဖြစ်ပါတယ်။ ဖလင်းန်ဟာ သူ့မိခင်ကို အတော်လေးချစ်ပါတယ်။ ဘာကြောင့် မချစ်ရမှာလဲဗျာ။ သူဟာ တကယ်ကို ကောင်းမွန်တဲ့ မိခင်တစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်အတွက်တော့ သူငယ်ချင်းကောင်းလည်းဖြစ်သလို ဖလင်းန်ကိုအတူစောင့်ရှောက်ရတဲ့ လက်တွဲဖော်ကောင်းတစ်ဦးလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် သူ့ကို ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။ ပျော်ရွှင်စရာ အမေများနေ့လေးကို ပိုင်ဆိုင်နိုင်ပါစေ မရန်ဒါကား"လို့လည်း ဓာတ်ပုံရဲ့ အောက်ဘက်မှာတွဲကာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း အော်လန်ဒိုဘလွန်းနဲ့ တရားဝင်လမ်းခွဲခဲ့ပြီးဖြစ်တဲ့ မရန်ဒါကားဟာ လတ်တလောမှာ သားလေးကို အော်လန်ဒိုဘလွန်းနဲ့အတူတွဲဖက်ကာ စောင့်ရှောက်နေပြီး အသက် (၃၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ထိပ်တန်းမော်ဒယ် မရန်ဒါဟာ မိခင်ကောင်းတစ်ဦးလည်း ဖြစ်ပုံရပါတယ်။ မရန်ဒါကားနဲ့ အော်လန်ဒိုဘလွန်းတို့ဟာ ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်အတွင်း စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ၂၀၁၀ ခုနှစ်အတွင်းမှာတော့ တရားဝင်လက်ထပ်ခဲ့ကြကာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်းမှာတော့ နှစ်ဦးသားသဘောတူ လမ်းခွဲခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။

သြစတြေးလျ နာမည်ကျော်မော်ဒယ် မရန်ဒါကားဟာ အော်လန်ဒိုဘလွန်းနဲ့ လမ်းခွဲပြီးနောက် ဘီလျံနာတစ်ဦးဖြစ်သူ စပီးဂဲလ်နဲ့ တွေ့ဆုံခဲ့ပါတယ်။ စပီးဂဲလ်နဲ့ မရန်ဒါတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း ပြုလုပ်ခဲ့တဲ့ ညစာစားပွဲတစ်ခုမှာစတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇွန်လအတွင်းမှာတော့ စတင်ချိန်းဆိုတွေ့ဆုံခဲ့ကြပါတယ်။ အဲဒီနောက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်းကျင်းပခဲ့တဲ့ ဟောလိဝုဒ်ရဲ့ အကယ်ဒမီဆုပေးပွဲအကြိုအခမ်းအနားကို အတူတွဲဖက်တက်ရောက်ကာ ကော်ဇောနီပေါ်ပထမဆုံးအကြိမ်အဖြစ် စုံတွဲလျှောက်လှမ်းခဲ့ကြပါတယ်။ အဲဒီနောက် နောက်လမှာတော့ နှစ်ဦးအကြားက ဆက်ဆံရေးကို သူတို့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ် အထိပါ တရားဝင်သယ်ဆောင်လာခဲ့ကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းမှာတော့ မရန်ဒါကားက သူ့ကို စပီးဂဲလ်က လက်ထပ်ခွင့်တောင်းဆိုလိုက်ပြီဖြစ်ကြောင်း သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

"Lord of the Rings" ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသား အော်လန်ဒိုဘလွန်းကိုယ်တိုင်ကလည်း မရန်ဒါကားရဲ့ အချစ်သစ်နဲ့ ပတ်သက်ပြီး ဝမ်းသာဂုဏ်ယူကြောင်းနဲ့ စပီးဂဲလ်နဲ့ ဖလင်းန်တို့ရဲ့ဆက်ဆံရေးဟာလည်း အဆင်ပြေတဲ့အတွက် ပျော်ရွှင်မိကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

# TWICE ရဲ့ "Signal" တေးအယ်လ်ဘမ်ကာဗာကို ထုတ်ဖော်ပြသ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE က အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ် "Signal" အတွက် ကာဗာဓာတ်ပုံကို လတ်တလောမှာတော့ တရားဝင်ထုတ်ဖော်ပြသလိုက်ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းကာဗာဓာတ်ပုံဟာ TWICE ရဲ့ နာမည်ကျော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Knock Knock"အတွက် ရိုက်ကူးဖော်ပြခဲ့တဲ့ ဓာတ်ပုံနဲ့ တူနေတာကိုလည်း တွေ့ရပါတယ်။ လတ်တလောထုတ်ဖော်ပြသခဲ့တဲ့ ကာဗာဓာတ်ပုံမှာလည်း အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ မျက်နှာအနီးကပ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံချင်းစီကို သုံးပုံတစ်တန်းနဲ့သုံးတန်းဆင့်ကာ ဖန်တီးထားတာကို တွေ့ရပါတယ်။

ယခုလအစပိုင်းကစတင်ပြီး တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုလည်း TWICE က ထုတ်ဖော်ပြသခဲ့ပါတယ်။ ယင်းဓာတ်ပုံတွေမှာ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ အလှဓာတ်ပုံတွေလည်း ပါဝင်ပြီး အဖွဲ့လိုက်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေလည်း ပါဝင်နေတာတွေ့ရပါတယ်။

အဲဒီနောက် တေးဗီဒီယိုတွေကိုလည်း အစမ်းသဘော ထုတ်လွှင့်ပြသခဲ့ပါတယ်။ TWICE အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ် "Signal"ကိုတော့ မေ ၁၅ ရက် ညနေပိုင်းမှာ စတင်ထုတ်လွှင့်မှာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်ဟာ အဖွဲ့ရဲ့ စတုတ္ထမြောက်မီနီတေးအယ်လ်ဘမ်ဖြစ်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ဆန်စပါးထုတ်လုပ်မှု မြင့်တက်စေရေးအတွက် မျိုးကောင်းမျိုးသန့်စပါးထုတ်လုပ်ခြင်းနည်းပညာသင်တန်းပေး

**ဘားအံ မေ ၁၅**

ကရင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးထုတ်လုပ်မှု မြင့်တက်စေရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းသည် အဓိကအခန်းကဏ္ဍတစ်ရပ်ဖြစ်ရာ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းကူညီရေးအဖွဲ့ JICA (မြန်မာ)တို့ ပူးပေါင်းကာ စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာသင်တန်းပေးမည်ဖြစ်ရာ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ပြည်နယ်စိုက်ပျိုးရေးသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်း ယခင်မိုးစပါးစိုက်ဧက ၄၆၇၇၆၆ ဧက စိုက်ပျိုးနိုင်ပြီး အချို့နေရာများတွင် အထွက်နှုန်း တစ်ဧက ၆၅ တင်းသာထွက်ရှိနိုင်ခဲ့သည်။ ထိုဒေသများတွင် စပါးမျိုးဗီဇအရနှစ်စဉ် မျိုးပြောင်းလဲစိုက်ပျိုးခြင်းမရှိခြင်းကြောင့် ဗီဇမျိုးညံ့လာခြင်းဖြစ်ကြောင်း၊ မျိုးဗီဇကောင်းပြီး အထွက်နှုန်းပိုမိုကောင်းမွန်သည့် သက်တမ်းတို ဒေသနှင့်ကိုက်ညီသည့် စပါမျိုးစိတ်ကို စိုက်ပျိုးရန်လိုကြောင်းနှင့် သင်တန်းမှ ရရှိသည့်နည်းပညာများအား တောင်သူလယ်သမားများ၏ အထွက်နှုန်းတိုး သီးနှံများရရှိရေးအတွက် ဆင့်ပွားအသုံးချနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ JICA (မြန်မာ)မှ မစ္စတာမီရှိမိုတိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။



အဆိုပါ မျိုးကောင်းမျိုးသန့်စပါးထုတ်လုပ်ခြင်းနည်းပညာပေးသင်တန်းတွင် ပြည်နယ်အတွင်းမြို့နယ်များမှ စိုက်ပျိုးရေးကဏ္ဍ၌ တောင်သူလယ်သမားများနှင့် ထိတွေ့လုပ်ကိုင်ကြရမည့် စိုက်ပျိုးရေးဝန်ထမ်း ၅၀ အား မေ ၁၅ ရက်မှ မေ ၁၈ ရက်အထိ လေးရက်တာကာလအတွင်း အခြေခံမျိုးစေ့ထုတ်လုပ်နည်းပညာမိတ်ဆက်၊ မျိုးစေ့တောင်သူရွေးချယ်နည်း CS မျိုးစေ့ထုတ်လုပ်ခြင်း၊ စပါးအရည်အချင်းလက္ခဏာများ၊ မျိုးရောခြင်းကိုရှောင်ရှားနည်း၊ ဆန်နီကာကွယ်နည်း၊ သီးနှံကာကွယ်ရေး၊ မြေဆီလွှာအသုံးချမှု၊ ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းလွန်နည်းပညာ၊ မျိုးစေ့နမူနာယူခြင်း၊ မျိုးစေ့စစ်ဆေးခြင်း၊ မျိုးစေ့ဖြန့်ဖြူးခြင်း၊ မျိုးစေ့ထုတ်လုပ်မှုဆိုင်ရာအခက်အခဲများ စသည့် သင်ခန်းစာများအပြင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဓာတ်ခွဲခန်းလေ့လာရေးများကို စိုက်ပျိုးရေးပညာရှင်များက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဆိုင်ကယ်များရပ်ရန် နေရာသတ်မှတ်ပေးသင့်

**ပဲခူး မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ရန်ကုန်-မန္တလေး-တောင်ငူလမ်းမကြီး ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးရှေ့တွင် တရားရုံးသို့ ဆိုင်ကယ်များဖြင့်လာရောက်ကြသူအများအပြားတို့မှာ စည်းကမ်းမဲ့စွာ ဖြူနီကြားလူသွားလမ်းနံဘေး ရပ်တန့်ထားရှိနေသဖြင့် ထိုဆိုင်ကယ်များကို စည်းကမ်းစနစ်တကျရှိစေရန် နေရာသတ်မှတ်ဆောင်ရွက်ပေးသင့်ကြောင်း ပြည်သူများက ပြောကြားသည်။


**၅၈၈**

## စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် မြောင်းများအတွင်း ပိတ်ဆို့မှုအား ရှင်းလင်းပေးစေလို

**ဒလ မေ ၁၅**

ရန်ကုန်တိုင်းဒေကြီး ဒလမြို့နယ် အောင်မင်္ဂလာရပ်ကွက်ထိပ်နှင့် ဗိုလ်ရန်ပြေရပ်ကွက်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ရေမြောင်း၌ အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူများနှင့် လမ်းသွားလမ်းလာသူများ၏ စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်နေမှုတို့ကြောင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ ရေစီးရေလာကောင်းမွန်စေရေးအတွက် တူးဖော်ထားသော ရေမြောင်းအတွင်း စွန့်ပစ်အမှိုက်များ ပိတ်ဆို့နေမှုတို့ကြောင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေမှုနှင့် မြေဆီလွှာများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် မိုးရာသီကာလအတွင်း ခြင်ကိုက်ခြင်းအန္တရာယ်မှ ပြည်သူများ ကင်းဝေးစေရေးအတွက် ဖယ်ရှားရှင်းလင်းပေးစေလိုပါကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**တင်ထွန်း(ဒလ)**



# CONGRATULATIONS!

## TO OUR GRADUATION CLASS OF 2017

VICTORIA UNIVERSITY COLLEGE

မြန်မာနိုင်ငံပညာရေးမြှင့်တင်မှုအတွက် ပုဂ္ဂလိကပညာရေးကဏ္ဍမှအောင်မြင်မှုအရှိဆုံး ကြိုးပမ်းမှုအဖြစ် ဂုဏ်ယူစွာ ကြေညာအပ်ပါသည်။

**Business and Technology Education Council (UK) Level - 5 HND 2017 အတွက် VUC မှ အောင်မြင်သူများ**

### BUSINESS

1 Saw Raimra Tha
2 Tun Linn Aung Myint
3 Kyaw Phone Myint
4 Myat Zaw Moe
5 Aung Kyaw Paing
6 Kyaw Soe Thar Tun
7 Thu Htet Myat
8 Bo Bo Thant
9 Ei May Phoo
10 Thaw Tar
11 Zin Maw Maw Naing
12 May Lin Thu
13 Han Hnin Swe
14 Ei Myat Chal
15 Zin Maung Maung
16 Khin Myanmar Kyaw
17 Phyu Sin Thant
18 Wutt Yee Hnin Aung
19 Nyi Nyi Toe Pyae
20 Htet Myint Soe San
21 Thae Zarni Kyaw
22 Hunny Kyaw
23 May Phyu Sin Maung
24 Aung Lin Tun
25 Eaint Chu Mon
26 Kyaw Zawl Hlaing
27 Wai Myo Thant
28 Nang Thin Thin Hlaing
29 Thae Thae Phoo Ngon
30 Sai Lwin Moe Aung
31 Yamin Inzali
32 Yamin Myo Tint
33 Kyaw Khant Wynn
34 Yamin Sandi Thein Lwin
35 Phone Yarzar Thant
36 Kyawt Myat Noe San
37 Ingyin Maw
38 Yamin Nandi
39 Poe Kyi Phyu
40 Aung Kaung Myat
41 Thoon Phyo Sithu
42 Hsu Pan Htet
43 Myat Thinzar
44 Han Thwe Hnaung
45 May Myat Noe Oo
46 Aye Myat Phyu
47 Mya Thin Kyu
48 Nu Yin Thiri
49 Hein Htet Lin
50 Phyo Thiri Tun
51 Kay Thwe Lin
52 Kyaw Lei Yee Htet
53 Ei Myat Mon
54 Saw Pyae Sandar Aung
55 Ei Chit Chit Po
56 Phoo Pwint Phyo
57 Su Yadanar Htike
58 Than Thar Lwin
59 Zune Pyae Sone Win
60 Swe Zin Myat
61 Khin Myat Noe
62 Zayar Win
63 Shwe Yi Wint Aung
64 Htoo Inzali
65 La Min Oak
66 Hein Sint Naing
67 Aung Linn Htike Oo
68 Khant Zaw Hein
69 Aung Myint Myat
70 Saw Hein Soe Thu Aung
71 Min Thet Khaing
72 Khant Hmu Ko
73 Hnin Oo Hlaing
74 Thaint Thada Aung
75 Hla Thet Htar Nadi
76 Wai Phyo Aung
77 Suu Nandar Myint
78 Su Thin Ni
79 Nyein Yoon Phyu
80 Nan Yee Mon
81 Sai Pauk Kham
82 Hsu Min Min Htut
83 Wai Myat Noe
84 Phyu Sin Thu
85 Zwe Pyae Phyo Maung
86 Soe Kyaw Swar Myint
87 San San Maw
88 Tun Yarzar Phyo

### COMPUTING

89 Wai Yan Thein
90 Ko Ko Htun Nay Naing
91 Kyaw Zin Thant
92 Min Pyae Sone
93 Kyaw Si Thu
94 Aung Myo Oo
95 Zay Soe Tun
96 Sai Aung Aung
97 Zaw Lin Htay
98 Thiha Thit
99 Khun Thura Myint Gaung

### CONSTRUCTION & THE BUILT ENVIRONMENT (CIVIL ENGINEERING)

100 Su Myat Thazin Naing
101 Tin Win Aung
102 Nyan Htet Lin
103 Pyae Phyo Thu
104 Su Lai Me
105 Kyaw Si Tha Shwe
106 Sunny Linn
107 Yamin Ko Ko
108 Lajawn Seng Mon
109 Thant Zaw Win
110 Thaw Zin Ko
111 Eindra Min
112 Min Kyaw Khine
113 Nyan Pone
114 Yong Yong
115 Su Paing Paing Phyo
116 Tun Lwin
117 Su Po Po Aung
118 Tint Nilar Maung
119 Nay Che Lin
120 Ye Ko Ko Winn
121 Ye Thu Wai
122 Myat Thiri Khaing
123 Nang Mouk Mo Hayo Khan
124 Nang Mhwe Ngin Seng
125 Yin Mon Myint
126 Min Myat Thu
127 Hnin Htet Htet Wai
128 Arkar Phyo Paing
129 Chan Lin Kyaw
130 Phwunt Phyo Kyaw
131 Kyawt Kay Theint
132 Saw Aung Thu
133 May Myat Thu
134 Min Zaw Htut
135 Myat Noe Aung
136 Zone Wai Nwe
137 Su Hlaing Htay
138 Phyu Sin Thant
139 Phyu Phyu Paing
140 Thi Han Thet
141 Kaung Myat Soe
142 Su Myat Phyu
143 Su Wai Phyo
144 Hein Htet Htun
145 Shine Phone Myat
146 Aung Moe Hein
147 Ahkar Kyaw
148 Kyaw Soe Lin
149 Thant Zin Naing
150 Aung Chan Nyein
151 Htet Aung Lin
152 Kyaw Zin Win
153 Zawana Lwin
154 Win Thu Ra
155 Phyo Thiha Aung
156 Myat Hein Htut
157 Aung Kaung Myat
158 Su Pyae Aung
159 Htet Phyo Aung
160 Tun Lin Myat
161 Wai Phyo Kyaw
162 Kaung Lin Hein
163 Min Khant
164 Aung Khant Bo
165 Thiha Min San
166 Hein Htet Kyaw
167 Kyaw Zin Latt
168 Zin Min Oo
169 Htay Win
170 May Moe Thu
171 Lin Thein Maung
172 Myo Thura Hein
173 Sai Min Hein
174 Htet Linn Khant

### ELECTRICAL & ELECTRONIC ENGINEERING / MECHANICAL ENGINEERING

175 Thein Htike Zaw
176 Zayar Myint Oo
177 Aung Myo Htet
178 Sai Min Min Oo
179 Sai Tun Tip
180 Kyaw Myint Oo
181 Aung Khant Kyaw
182 Nay Aung Linn
183 Swan Saung
184 Aung Kyaw Thu Moe
185 Tun Tun
186 Saw Maung Maung
187 Win Maw Kyaw
188 Si Thu Win Lwin
189 Thwin Lin Aung
190 Nyi Nyi

### HEALTH & SOCIAL CARE

191 Aye Thiri Min
192 Cho Cho Lwin
193 Kyawt Shin Nwe
194 Yamin Aung
195 Thet Wai Win
196 Andy Soe Myint
197 Ye Nyi Nyi Soe
198 Lin Min Htet
199 Htet Arkar Chit Oo
200 Tayzar Myint Myat
201 Yoon Naychi Htun
202 Zun Myat Thiri Htun
203 Yadanar Htun
204 Thae Sandi Phyo
205 Maw Raine
206 Aye Myat Mon
207 Nandar Moe Thu
208 Aye Chan Moe
209 Yunn Ei Theint

**မှတ်ချက်**

(၁) ဖော်ပြပါ အောင်မြင်သူများသည် ၂၇.၅.၂၀၁၇ (စနေနေ့) နေ့လည် (၁း၀၀) တွင် Novotel Hotel ၌ ကျင်းပသည့် အောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ဘွဲ့ယူရပါမည်။ ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရန်အတွက် မေလ (၂၀) ရက်နေ့ နောက်ဆုံးထားပြီး ကျောင်းသားရေးရာဌာန - MMB Campus - အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ -၃၈၃၁၃၂၊ ၃၈၃၁၃၃ ကို ဆက်သွယ်ရပါမည်။

BTEC

(၂) HND ဘွဲ့တက်ရောက်ယူမည့် ကျောင်းသားဦးရေနှင့် ကျင်းပမည့် ခန်းမ အကျယ်အဝန်း မမျှပါသဖြင့် (၃) အကြိမ် မြောက် အောင်လက်မှတ်ပေးအပ်ပွဲကို ၁၄.၆.၂၀၁၇ (ဗုဒ္ဓဟူးနေ့) နေ့လယ် (၁း၀၀) တွင် ဆက်လက် ကျင်းပမည်ဖြစ်ပါသည်။ ၁၄.၆.၂၀၁၇ ဘွဲ့နှင်းသဘင်အတွက် အောင်မြင်သူများစာရင်းကို ဆက်လက်ဖော်ပြပါမည်။


UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care®
THE GLOBAL COMPACT
Global Compact Network [Myanmar]
မြန်မာနှစ်သစ်ကူး အထူးအစီအစဉ်
PREMIER
လီတာ ၂၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ ကျပ် ရယူပါ...
UPG PREMIER Weathershield
UPG PREMIER Odourless
PREMIER Silk
ORIENT
ORIENT Emulsion Paint
လီတာ ၅၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ ကျပ် ရယူပါ...
ORIENT
Interior and Exterior Emulsion Paint
သင်္ကြန်ရေစင်ရေပေါက်ကဲ့သို့ အေးမြကြည်လင်စွာ...
နှစ်သစ်မှစ၍ ခံစားဖြတ်သန်းနိုင်ကြစေရန် အတာရေပက်ဖြန်းလိုက်ပါသည်။
Promotion ကာလ ▶ ၁-၄-၂၀၁၇ မှ ၃၁-၅-၂၀၁၇

## ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | လုပ်ငန်းအရေအတွက် |
|---|---|---|
| ၁ | လုပ်ငန်းစီမံကိန်းသစ်များ | (၁၇)ခု |
| ၂ | တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများ | (၂)ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၁၅-၅-၂၀၁၇ရက်မှ ၁၄-၆-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသည့် ကိစ္စရပ်များအား ဖုန်း(၀၇၄-၂၂၆၆၅၊ ၂၂၄၇၃) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကချင်ပြည်နယ်
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် **ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ လေ၊ မြေတိုင်းတာရေးနှင့် အခြားစက်ပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများ** ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံများကို ၁၅-၅-၂၀၁၇ရက်မှစတင်၍ ရောင်းချပါမည်။ တင်ဒါများကို ၁၅-၆-၂၀၁၇ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းသွားရပါမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ကချင်ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ရုံးဖုန်းနံပါတ်-၀၇၄-၂၉၅၁၆နှင့် ကချင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး ဖုန်းနံပါတ်-၀၇၄-၂၄၂၁၁ သို့ မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**






## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## ၀၂/၂၀၁၇-၂၀၁၈ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာသစ်လုံး/သစ်ခွဲသားများ (၁၂၉၄၅)**တန်ခန့်ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(အထူး)အိတ်ဖွင့်တင်ဒါ - (၆/၇-၆-၂၀၁၇)ရက် နံနက် ၈း၀၀နာရီမှ စတင်မည်
- စစ်ကိုင်းတိုင်းဒေသကြီး/ရန်ကုန်တိုင်းဒေသကြီး မန္တလေးတိုင်းဒေသကြီး/မကွေးတိုင်းဒေသကြီး ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်)/ရှမ်းပြည်နယ် (တောင်ပိုင်း)

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web.site ဖြစ်သော www.myanmatimber.com.mmတွင် ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ ဖုန်းနံပါတ်- ၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၃များတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## မီးသတိပြု

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၁၇-၂၀၁၈)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက် မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်- ၁-၆-၂၀၁၇ရက်မှ ၁၅-၆-၂၀၁၇ရက် မွန်းတည့် ၁၂း၀၀နာရီအထိ

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန် - ၁၅-၆-၂၀၁၇ရက်၊ မွန်းလွဲ ၁၄း၀၀နာရီ

၄။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၁-၆၄၀၅၁၆

၅။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်တွင် ၁-၆-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ၊ ရန်ကုန်မြောက်ပိုင်းခရိုင်**


STARFiSH Education
KAPLAN Certified Education Provider
တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးကျောင်းသား / သူများနှင့် ကျောင်းသားမိဘများအတွက်
လူငယ်များ၏ အနာဂတ်ပညာရေးလမ်းကြောင်းများအကြောင်း ဟောပြောဆွေးနွေးပေးမည်
'ပညာရေးဆိုင်ရာ ဟောပြောပွဲ'
နေ့ရက် >> မေလ (၂၇) ရက် (စနေနေ့)
အချိန် >> ၉း၀၀ - ၁၂း၀၀
နေရာ >> UMFCCI ခန်းမ
09777264230, 09777264231, 09799905715




၂၀၁၆-၁၇ တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသော ကျောင်းသား/သူများအတွက်
" Special Discount 10% for General English (4 Skills)"
မေလ (၂၉) တွင် တန်းခွဲသစ်များစမည်။
လူဦးရေအကန့်အသတ်ရှိသဖြင့် ကြိုတင်စာရင်းပေးပြီး Placement Test လာရောက်ဖြေဆိုနိုင်ပါသည်။
Call Today 09 799905715 09 253179825

CALIFORNIA UNITEC
Institute of Engineering
Edinburgh Napier UNIVERSITY

2017 July Intake အတွက် Foundation နှင့် B.E ကျောင်းသူ/ကျောင်းသားများအားစတင်လက်ခံနေပါပြီ။



- ၁၀ တန်းအောင်၊ GCE "O" Level အောင်၊ တက္ကသိုလ် ပထမနှစ် ⟶ Civil Engineering Foundation Course
- GCE "A"Level၊ ND (National Diploma) Level 3 အောင်၊ တက္ကသိုလ် ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် ⟶ HND (Level 4 ) ⟶ HND (Level 5)
- HND နှင့် B.Tech အောင်မြင်ပြီးသူများ ⟶ B.Eng (Hons) Civil Engineering (Edinburgh Napier University)
- B.Eng (Hons) Civil Engineering Program အတွက် Edinburgh Napier University မှ Professor ကြီးများကိုယ်တိုင် လာရောက်သင်ကြားနေပါသည်။
  - B.Eng (Hons) Civil Engineering Course တက်ရောက်နေစဉ်အတွင်း Internship Program များလုပ်ဆောင်ရမည်ဖြစ်ပါသည်။
  - ပြည်တွင်းရှိ Site များအပြင် ပြည်ပနိုင်ငံများဖြစ်သော (Thailand, Singapore, Malaysia, Australia) နိုင်ငံများရှိ Site များသို့လည်း သွားရောက်လေ့လာနိုင်ပါသည်။
  - Student Exchange Programme အနေဖြင့် Edinburgh Napier University သို့သွားရောက်နိုင်ပါသည်။
  - B.Eng (Hons) Civil Engineering ဘွဲ့အတွက် Graduation Ceremony ကို Edinburgh Napier University (UK) တွင်လည်း တက်ရောက်နိုင်ပါသည်။
  - Edinburgh Napier University မှ Learning Teaching Assessment များအသုံးပြုနိုင်ပြီး Library Access များလည်းရရှိမည်ဖြစ်ပါသည်။

ပုလဲကွန်ဒို၊ Block C နှင့် D ကြား ၊ 3F (တတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com
www.facebook.com/californiaunitec



# ငွေလှရတနာ အဘိဓမ္မာသင်တန်း

**သင်တန်းနည်းပြမှူး– သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦး(လှမူထူးချွန်) နှင့်ဆရာ၊ဆရာမများမှ**

**ဓမ္မဒါနသင်ကြားပို့ချပေးပါသော အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် သင်တန်းများဖွင့်ပြီ။**

၁။ **တောင်ဒဂုံနီကာယ်(ပိဋကတ်သုံးပုံစာသင်တိုက်)(စနေ၊တနင်္ဂနွေ)နေ့လည်(၁၂)နာရီမှ(၄)နာရီထိ**
ဒေါ်အေးအေးမော် ၀၉-၂၅၀၅၁၂၃၉၈၊ ဒေါ်သန်းသန်းလွင် ၀၉-၅၁၆၈၀၈၈

၂။ **ဇေယျာသိဒ္ဓိကျောင်းတိုက်(၂၁)ရပ်ကွက် (စနေ၊ တနင်္ဂနွေ၊ တနင်္လာ) ညနေ(၆) နာရီမှ(၈) နာရီထိ**
ဒေါ်သန်းသန်းစီ ၀၉-၇၃၁၈၂၇၀၇၊ ဒေါ်ကေသီရှိန် ၀၉-၇၃၀၇၄၄၁၀

၃။ **သာသနာ့ဇေဓမ္မာရုံ (၅၄) ရပ်ကွက်(ဗုဒ္ဓဟူး၊ ကြာသပတေး၊သောကြာ) ညနေ(၆) နာရီမှ (၈) နာရီထိ**
ဒေါ်နိုင်နိုင်မော် ၀၉-၄၂၀၀၅၄၉၈၈၊ ဒေါ်အေးအေးမြင့် ၀၉-၄၅၉၂၃၂၂၅၉

၄။ **တောင်ဒဂုံ(၂၀)ရပ်ကွက် ဇမ္ဗူရတနာ( ကြာသပတေး၊သောကြာ၊စနေ) ညနေ(၄) နာရီမှ(၆)နာရီထိ**
ဒေါ်ဆွေဆွေမိုး ၀၉-၇၃၀၄၁၇၇၈၊ ဒေါ်သင်းသင်းစိုး ၀၉-၇၉၈၂၄၄၅၅၀

၅။ **အင်းယားရွာသစ်ကျောင်း (အင်းစိန်လမ်းမ)ကမာရွတ်(တနင်္လာ၊အင်္ဂါ၊ဗုဒ္ဓဟူး)ညနေ(၆)နာရီမှ(၈)နာရီထိ**
ဦးအေးလွင် ၀၉-၂၆၃၄၄၆၆၈၆၊ ဦးအောင်ပန်း ၀၉-၇၈၄၀၃၆၁၃၂

၆။ **သာသနာ့မာန်အောင်ကျောင်းတာမွေ(နတ်ချောင်း)(သောကြာ၊စနေ၊တနင်္ဂနွေ)ညနေ(၆)နာရီမှ(၈) နာရီထိ**
ဦးနွေထိန်ဝင်း ၀၉-၄၂၀၄၈၄၈၃၊ ဦးရဲထွန်း ၀၉-၂၅၅၇၀၇၁၃၅

၇။ **မင်းကျောင်းပထမပြန်စာသင်တိုက်(သန်လျင်)(ဗုဒ္ဓဟူး၊ ကြာသပတေး၊သောကြာ)ညနေ(၆)နာရီမှ(၈)နာရီထိ**
ဒေါ်မြင့်မြင့်အေး (ကောကော) ၀၉-၇၉၉၄၅၇၉၉၆၊ ဦးချမ်းငြိမ်း ၀၉-၄၄၃၀၄၃၃၃၃

၈။ **သာသနာ့အလင်းရောင်ဓမ္မာရုံ (အလုံ)(အင်္ဂါ၊ဗုဒ္ဓဟူး၊ကြာသပတေး)ညနေ(၆)နာရီမှ (၈)နာရီထိ**
ဒေါ်အေးအေးချို ၀၉-၅၀၅၂၇၁၄၊ ဒေါ်ကျင်စွမ် ၀၉-၂၅၀၀၈၀၈၂၈

၉။ **ဓမ္မရံသီ (၃၅လမ်း-ကျောက်တံတား) စနေ-နံနက်(၉)နာရီမှ(၁၁)နာရီ/တနင်္ဂနွေ-နေ့လည် (၁၂)နာရီမှ(၄း၃၀)ထိ**
ဒေါ်စိမ်းစိမ်း ၀၉-၇၉၅၄၁၅၂၃၂၊ ဒေါ်တိုးတိုးမာ ၀၉-၄၂၀၀၅၆၅၇

၁၀။ **ကျောက်ဆည်အသင်းဓမ္မာရုံ(အုတ်လမ်း၊ ဗဟန်း)(အင်္ဂါ၊ ဗုဒ္ဓဟူး၊ကြာသပတေး)ညနေ(၆)နာရီမှ(၈)နာရီထိ**
ဒေါ်ခင်သူသူဝင်း ၀၉-၅၁၃၃၉၀၀၊ ဒေါ်အေးမြတ်မြတ်သွင် ၀၉-၂၅၀၁၄၉၉၅၁

၁၁။ **နန်းဦးကျောင်းတိုက် (ဗညားဒလရပ်ကွက် ဒလ)(စနေ၊ တနင်္ဂနွေ) ညနေ(၄) နာရီမှ (၆) နာရီထိ**
ဒေါက်တာ အောင်ကျော်သန်း ၀၉-၇၉၄၆၆၉၉၈၂၊ ဒေါ်ယဉ်ယဉ်ထိုက် ၀၉-၄၂၂၉၂၂၇၇၄

၁၂။ **ဝိမုတ္တိရ-ဓမ္မဗိမာန်(ဇိနမာန်အောင်ဘုရားဝင်း)(၇-ရပ်ကွက်)၊ သာကေတ**
**(စနေ၊ တနင်္ဂနွေ၊ တနင်္လာ)ညနေ (၆)နာရီမှ (၈) နာရီထိ**
ဒေါ်မော်မော်လွင် ၀၉-၂၆၀၆၉၃၇၇၀၊ ဒေါ်စန်းစန်းချို ၀၉-၄၂၀၀၇၅၄၇၀

၁၃။ **သီလဝိသုဒ္ဓိဓမ္မာရုံ ( ၆-ရပ်ကွက်) သာကေတ(သောကြာ၊စနေ၊ တနင်္ဂနွေ)ညနေ(၄)နာရီမှ(၆)နာရီထိ**
ဒေါ်စန်းစန်းချို ၀၉-၇၃၀၁၅၄၃၀ ၊ ဒေါ်မော်မော်လွင် ၀၉-၂၆၀၆၉၃၇၇၀

၁၄။ **နဝဒေးအိမ်ရာ ဓမ္မာရုံ ( လှိုင်သာယာ) (စနေ၊ တနင်္ဂနွေ၊ တနင်္လာ) ညနေ (၄) နာရီမှ (၆) နာရီထိ**
ဦးထင်ဇော် ၀၉-၂၅၄၂၀၄၁၆၇ ၊ ဒေါ်ဝင်းဝင်းသန်း ၀၉-၇၇၃၂၁၂၂၁၀

၁၅။ **ပေါက်တောရပ်ကွက်လုံးဆိုင်ရာ သံဃဒါနဆွမ်းလောင်းဓမ္မာရုံ (ပေါက်တောဝ အင်းစိန်)**
**(စနေ၊ တနင်္ဂနွေ၊ တနင်္လာ)ညနေ (၄) နာရီမှ (၆) နာရီထိ**
၀၉-၂၆၁၆၁၂၁၃၉၊ ၀၉-၅၁၉၇၄၄၁၊ ၀၉-၃၁၀၇၁၆၆၅၊၀၉-၂၅၄၂၇၀၃၀၀၊၀၉-၂၆၀၁၁၁၄၂၄၊ ၀၉-၂၆၁၆၁၂၁၃၉

၁၆။ **ဘုရင့်နောင်မိသားစုဓမ္မာရုံ(ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်း)**
**(အင်္ဂါ၊ဗုဒ္ဓဟူး၊ကြာသပတေး)ညနေ(၄း၃၀)နာရီမှ (၆း၃၀)နာရီထိ**
ဦးသန်းနိုင်၀၉-၇၃၀၇၇၈၅၂ ၊ ဒေါ်ခင်သူသူဝင်း ၀၉-၅၁၃၃၉၀၀

၁၇။ **သာသနာ့ဗိမာန်(မိုးကောင်း-ရန်ကင်းဓမ္မာရုံ)(အင်္ဂါ၊ဗုဒ္ဓဟူး၊ကြာသပတေး)ညနေ(၄း၃၀)နာရီမှ(၇)နာရီထိ**
ဦးငွေးဝေ ၀၉-၅၁၄၅၁၂၅(ဥက္ကဋ္ဌ)၊ဒေါ်နှင်းဝတ်မှုံ၀၉-၂၅၂၅၂၀၈၈၃(စာရေး)၊ဦးဝင်းမောင်၀၉-၂၅၄၁၉၁၉၆၂ (ရုံးအဖွဲ့မှူး)

၁၈။ **ရွှေဘိုကျောင်း(သရက်တောကျောင်းလမ္ဘတော်)(ကြာသပတေး၊သောကြာ)နံနက်(၈)နာရီမှ(၁၂)နာရီထိ**
ဆရာတော်အရှင် ဦးကောသလ္လ (ဇလွန်)၀၉-၅၀၅၉၆၂၆ ၊ ဆရာမ ဒေါ်ယဉ်ယဉ်ဦး ၀၉-၄၂၂၄၅၆၁၃၃

၁၉။ **BEST-၁၄၉ အမှတ်(၆၆- ဇွဲစုံ သမာဓိလမ်း၊ မရမ်းကုန်း) (စနေ၊တနင်္လာ)ညနေ (၃)နာရီမှ (၅) နာရီထိ**
ဒေါ်ရှုကျင် ၀၉-၇၃၅၄၅၄၅၄၊ ရုံး ၀၁-၆၅၆၅၇၅

ခေတ်ပီတိုးတက်ပြောင်းလဲလာသည့် ပညာရေးစနစ်သစ်နှင့်အတူ "တန်ဖိုးမြင့်လူသား" ဖြစ်ဖို့ ပညာရေးဖြင့် မြှင့်တင်ကြပါစို့

Academic Year 2017-2018

YREC (မိသားစု တော်ဝင်ပညာ)
YANGON ROYAL EDUCATION CENTRE
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ဘော်ဒါ
(မူလတန်း၊ အလယ်တန်း၊ အထက်တန်း)

အထက်တန်းသင်ကြားမည့် ဆရာ / ဆရာမ များ
- မြန်မာစာ ◆ ဦးသိန်းဇော် (ရန်ကုန်တက္ကသိုလ်)
- အင်္ဂလိပ်စာ ◆ ဦး Mကော်အောင်
- သင်္ချာ ◆ ဦးတင်ငွေ သင်္ချာ၏ သင်္ချာ
- ဓါတုဗေဒ ◆ ဦးသောင်းငွေ(Myanmar Exam)
- ◆ Tr ဇော်တာ (M.Sc (Chem), D.Pharm)
- ရူပဗေဒ ◆ ဦးစိုးမြင့်ဟန် (ရန်ကုန်တက္ကသိုလ်)
- ဇီဝဗေဒ ◆ ဒေါ်မိုးမိုး
- ဘောဂဗေဒ ◆ ဆရာကျော်

ဖွင့်လှစ်ဆန်းစမည်။
ကျောင်းအပ်လက်ခံနေပါပြီ

အမှတ် (၂၄)၊ အေးရိပ်မွန်လမ်းမကြီး၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၅ ၃၅ ၁၀၅ ၂၂၊ ၀၉-၂၅ ၃၅ ၁၀၅ ၂၃ Hot Line : 09-250 174 839 ဘော်ဒါတန်းစုံ အထူးလက်ခံသည်။ (အာမခံ)

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

MCC.i

အဆင့်မြင့် စီမံခန့်ခွဲမှုများကို IT နည်းပညာဖြင့်ဆောင်ရွက်နိုင်ရန်

International MBA (Strategic Business IT)

သင်တန်းတက်ရောက်ခွင့် လျှောက်ထားနိုင်သူများ

MCC Institute ၏ Campus သီးသီးတွင်
(Full Time / Part Time) တက်ရောက်ပြီး
B.Sc (Hons:) Business IT ဘွဲ့ရရှိပြီးသူများ (၅၀%Discount)
နိုင်ငံခြားတက္ကသိုလ်တစ်ခုခုမှ အလားတူ ဘွဲ့ရရှိပြီးသူများ
နိုင်ငံခြားတက္ကသိုလ်တစ်ခုခုမှ (BBA) ဘွဲ့ရရှိပြီးသူများ
တက္ကသိုလ်တစ်ခုခုမှ IT (သို့) BBA ဘွဲ့ရရှိပြီး
(English Proficiency TOFEL 60+, IELTS 6.0)
(IT ဘွဲ့ရများအား Business Foundation, BBA ဘွဲ့ရများအား
IT Foundation (၃) လသင်ကြားပေးမည်။)

သင်တန်းကာလ တစ်နှစ် (၁၂) လ
MCC Institute . . . . (2) Semesters
SIAM University . . . (1) Semester

သင်တန်းဖွင့်ရက် မေလ (၂၇) ရက်

သင်တန်းတည်နေရာ – အဆောင် (၆)၊ MICT Park
Sat & Sun 9;00 am - 4;00 pm

Call - 01-246643, 245762
652236, 652237

လျှောက်လွှာပုံစံများကို Online မှ ရယူလျှောက်ထားနိုင်ပါပြီ။
www.facebook.com/mccinstitute



ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

FAME

# အထူးကျေးဇူးတင်ရှိခြင်း



ရုရှားနိုင်ငံနှင့် Custom Union (Russian Federation, Republic of Belarus, Kazakhstan) များသို့ FAME ဆေးဝါးစက်ရုံမှ ထုတ်လုပ်ထားသော သဘာဝအော်ဂဲနစ်ဆေးဝါးများနှင့် Health Supplement များ အားလုံးကိုဝယ်ယူ၍ Exclusive Distributor အဖြစ် တင်ပို့ရောင်းချရန် ၅. ၅. ၂၀၁၇ ရက်နေ့တွင် ရုရှားနိုင်ငံမှ AndiFarm, Ltd နှင့် FAME Pharmaceuticals တို့ Exclusive Distribution Agreement စာချုပ် ချုပ်ဆိုရန်အတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသော မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E Dr. Nikolay A. Listopadov နှင့် သံရုံးမှ တာဝန်ရှိလူကြီးမင်းများအားလည်းကောင်း၊ ရုရှားနိုင်ငံရှိ Association for the Friendship and Cooperation with the Republic of the Union of Myanmar မှ Mr. Anatoly Bulochnikov (Senior Vice President) နှင့် AndiFarm, Ltd မှ Mr. Dmitry S. Liokumovich (General Director) တို့အား လည်းကောင်း၊ ရုရှားမိတ်ဆွေများနှင့် မိတ်ဆက်ပေးပါသော ဦးတင်ထွဋ် အားလည်းကောင်း၊ ELBRUS CO.,Ltd မှ ဒေါ်ဆွေဆွေညွန့် (ခ) Susanna Bo (Managing Director) အားလည်းကောင်း၊ အဆိုပါ နှစ်နိုင်ငံကြား ကုန်သွယ်မှုစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခြင်းအတွက် တယ်လီဖုန်း၊ Fax၊ Email နှင့် Facebook များမှတစ်ဆင့် ဂုဏ်ယူဝမ်းမြောက်ခြင်း ဆုမွန်ကောင်းစကားများချီးမြှင့်ပေးကြသော ပြည်တွင်းပြည်ပရှိ ဆရာသမားများ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများ၊ သူငယ်ချင်းများနှင့် FAME ဆေးဝါးများကို အစဉ်တစိုက်ဝယ်ယူအားပေးကြသော မိဘပြည်သူများအားလုံးကိုလည်းကောင်း အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာခင်ခင်ဌေး
**FAME Pharmaceuticals Industry Co., Ltd.** မိသားစု

HONDA | NCX



## အဆုံးစွန် စွမ်းဆောင်ရည်နဲ့ အလန်းဆုံး Style ပေါင်းစပ်မှု

NEW STYLE + PERFORMANCE WAVE 110i

**အဆင့်မြင့် ဆိုင်ကယ်ကို လမ်းမျိုးစုံအတွက် ဖန်တီးထုတ်လုပ်ထားခြင်း ဖြစ်ပါသည်။**

Honda Wave 110i အသစ်များသည် အထင်ကရ သေသပ်လှပသော လက်ရာမြောက် ပြိုင်ဘီးဒီဇိုင်းစစ်စစ်များ ဖြစ်ပါသည်။ နောက်ဆုံးပေါ် PGM-FI နည်းပညာ၏ ကျေးဇူးဖြင့် အပိုစွမ်းအင်စွန့်ထုတ်မှု သက်သာစေမည့် အမျိုးအစားဖြစ်ပြီး ခေတ်ရေ့ပြေးဒီဇိုင်းကို လေခွင်းအားကောင်းစွာနှင့် ရင်သပ်ရှုမောဖွယ်အသွင်ဖြင့် မြင်တွေ့ရမှာ ဖြစ်ပါသည်။

POWER UP



သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး အမြင့်မားဆုံး စွမ်းဆောင်ရည် ပေးစွမ်းနိုင်သည့် နောက်ဆုံးပေါ် 110cc. PGM-FI နည်းပညာသုံး အင်ဂျင်

အားလုံးရဲ့အမြင်ကို ဖမ်းစားနိုင်မည့် လေခွင်းအားကောင်း အရှိန်မြင့် ဒီဇိုင်းအသစ်

ချောမွေ့စွာ စီးနင်းနိုင်ပြီး အရှိန်လျှော့ချမှုအတွက် လည်း စိတ်ချရသည့် Mono-Cylinder Disc ဘရိတ်အသစ်

စီးနင်းရာတွင် ပေါ့ပါးပြီး မောင်းနှင်ရာတွင် ငြိမ့်ညောင်းခြင်းပေးစွမ်းမည့် တိကျသေချာသော ဝင်ရိုးကိုယ်ထည်

From
၁,၅၆၀,၀၀၀ ကျပ် (Spoke)

**01218521** ဒီနေ့ပဲ နီးစပ်ရာ Honda NCX အရောင်းပြခန်းကို သွားရောက်ကြည့်ရှုပြီး အဆုံးစွန်စွမ်းဆောင်ရည်နဲ့ အလန်းဆုံး Style ကို ဖော်ထုတ်ခံစားလိုက်ပါ။









**NCX MYANMAR CO., LTD.**
အမှတ် (၄၃၊ ၄၄၊ ၄၅)၊ အခန်းအမှတ် (A-002)၊ အင်းလမ်းနှင့် ပျဉ်းမလမ်းကြား၊ ကြည့်မြင်တိုင်တမ်းနားလမ်း၊ သီရိမင်္ဂလာဈေးပေါင်းရှေ့၊ ရန်ကုန်မြို့။
☏ ၀၉ ၂၅၀ ၁၀၀ ၂၅၅


**NCX MYANMAR ဆိုင်ခွဲ • ရန်ကုန်**
• မန္တလေး ဖုန်း - ၀၉ ၄၀ ၂၆၀၆၆၄၀၊ ၀၉ ၂၅၉၁၀၀၅၉၉၉ • တောင်ကြီး ဖုန်း - ၀၉ ၄၀ ၂၆ ၂၉၉၅၅
• ပဲခူး ဖုန်း - (၀၅၂) ၂၃၂၆၅၊ ၀၉ ၄၀ ၂၅၀၇၇၁၃၃ • မော်လမြိုင် ဖုန်း - (၀၅၇) ၂၃၂၅၉၊ ၀၉ ၂၅၀၁၁၁၇၅၀
• ပြည် ဖုန်း - (၀၅၃) ၂၄၁၀၇ • ပုသိမ် ဖုန်း - ၀၄၂-၂၄၂၃၄ • မုံရွာ ဖုန်း - ၀၇၁-၂၀၂၆၅
• မြိတ် ဖုန်း - ၀၅၉-၄၂၄၉၁ • တောင်ငူ ဖုန်း - ၀၅၄-၂၄၇၆၇

LIMITED **LAKEVIEW** UNITS ON **PROMOTION NOW!**

CALL NOW!

# THE CENTRAL

WHERE THE FINEST MEETS







At the **Corner of Kabar Aye Pagoda Road and Kanbe Road,**
The Central is designed to be a world-class mixed-use development with Yangon's first retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.

ကမ္ဘာ့အေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်

The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊ ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလွင်ခြင်း၊ နိုင်မာတည်တံ့ခြင်းနှင့် စည်းလုံးခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။




ENQUIRY HOTLINE
+95 9777 773 770

PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar
www.thecentral.com.mm

INFORMATION CENTER ADDRESS
160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)

အရေအတွက်ကန့်သတ်ထားသော
**ကန်ရှုခင်းအား** မြင်တွေ့နိုင်မည့် အခန်းများ

**အထူးလျှော့ဈေး!**

အခု ဖုန်းခေါ်ဆိုလိုက်ပါ!








**ကွန်ဒိုတိုက်ခန်း(ကမာရွတ်)**
ငှားရန်/ရောင်းရန်
ဖုန်း- ၀၁-၅၀၅၃၉၆၊
၀၉-၄၂၀၅၂၇၇၇












# စွန့်ပစ်စပါးခွံလောင်စာအသုံးပြုပြီး လျှပ်စစ်စွမ်းအင်ရယူထုတ်လုပ်ခြင်းသည် ရေထု၊ လေထုညစ်ညမ်းမှုကို လျော့ကျစေ



MAPCO Golden Lace ခေတ်မီဆန်စက်နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံအတွင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

**ရန်ကုန်　မေ　၁၅**

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ရှိ MAPCO Golden Lace ခေတ်မီဆန်စက်နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများက ခေတ်မီဆန်စက် နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီတို့က MAPCO Golden Lace ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ စက်ရုံအတွင်းရှိ ခေတ်မီဆန်စက်၊ သိုလှောင်ရုံများ၊ Silo များနှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အား ၂ ဒသမ ၂ မဂ္ဂါဝပ်ထုတ်စက်တို့ကို လှည့်လည်ကြည့်ရှုရာ MAPCO မှ တာဝန်ရှိသူများက စပါးခွံမှ လျှပ်စစ်ထုတ်လုပ်ပုံကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာ့ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာ ကဏ္ဍဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့် ခေတ်မီဆန်စက်ကြီးနှင့်အတူ စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံကိုပါ ပူးတွဲတည်ဆောက် ထားသော စက်ရုံရပ်ဝန်းတစ်ခုကို မြန်မာနိုင်ငံ လယ်ယာစီးပွားအများပိုင် ကုမ္ပဏီမှ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ရင်းနှီးမြှုပ်နှံကာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မိမိတို့နေထိုင်သည့် ကမ္ဘာကြီးတွင် အစားအစာဖူလုံရေးသည် တစ်နှစ်ထက်တစ်နှစ် ပိုပြီးအရေးကြီးလာသည့်အတွက် လယ်ယာစိုက်ပျိုးရေး ကဏ္ဍ ခေတ်မီဖွံ့ဖြိုးအောင်ကြိုးပမ်းဖို့ကလည်း အရေးပါသည့်ကိစ္စတစ်ခုဖြစ် ပါကြောင်း၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အငြိမ်းစားဝန်ထမ်းအိမ်ရာစီမံကိန်းများ ဖော်ဆောင်မည်

**မန္တလေး　မေ　၁၅**

နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အချိန်တွင် အိမ်ပိုင်ဘဝဖြင့် အခြေချနေထိုင်နိုင်စေရန် အငြိမ်းစားဝန်ထမ်းများအတွက် အိမ်ရာစီမံကိန်း များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို အရာထမ်း၊ အမှုထမ်းများ မိမိရရှိသည့်လစာနှင့် လျော်ညီသော နေထိုင်မှုစနစ်ဖြစ်ပေါ်လာစေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေး ဝန်ကြီး ဦးဇာနည်အောင်က ပြောသည်။

"နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းတွေအတွက် ကြည့်ရှုစောင့်ရှောက် ပေးဖို့ ချမှတ်ထားတဲ့ စီမံကိန်းလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်ပါ တယ်။ ဒီစီမံကိန်းအရ မြေကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရတွေရဲ့အစီအစဉ်နဲ့ ရှာဖွေပေးရမယ်။ လိုအပ်တဲ့ငွေကြေးကိုလည်း ဘဏ်လုပ်ငန်းရှင်တွေက ဆောင်ရွက်ပေးပါ။ ဆောက်လုပ်ရေးလုပ်ငန်းရှင် တွေရဲ့ အကူအညီလည်းယူပါလို့ မူအားဖြင့် အကြမ်းဖျင်း ဒီလိုသတ်မှတ် ထားပါတယ်။ ဒါကြောင့် ဒီအိမ်ရာတွေက မြေခနဲ့ ဆောက်လုပ်ခ အမြတ် အစွန်းမပါဘဲ တန်ဖိုးသက်သာတဲ့ အိမ်ရာတွေအဖြစ် ဆောင်ရွက်ခိုင်းတာ ဖြစ်ပါတယ်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ဆွေးနွေး

**နေပြည်တော်　မေ　၁၅**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ Mr. Ghassan Salame ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု နှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြသည်။**(အပေါ်ပုံ)** အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လည်း တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ ၂၀၁၇ ခုနှစ် မတ် ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကြားဖြတ် အစီရင်ခံစာပါ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၄၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0317) / (ဆေးမှုန့်)TMR 000394(0317)
RE GD.
ကျွမ်းရှက်ပုံ ဆေးကောင်း
ကွမ်းရှက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD
ဒူးနာ၊ ခါးနာ၊ ကျိုးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ
ကမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်
အမြို့မြို့ ဆေးဆိုင်းမှာ ရရှိနိုင်ပါသည်။
ကမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်သည်